'ဟုတ်ကဲ့...ကျွန်တော် ဒီလိုပဲယူဆပါတယ်၊ တစ်ခုရှိတယ် လူတိုဟာ ဘာလို့ နှလုံးညီအနှင်းကို ထုတ်မပြောကြတာလဲ၊ ဒါကတော့ ကျွန်တော် သဘောမပေါက်သေးဘူး'

စီးရင်က ရွှမ်းချမ်းကို လှည့်၍...

'မနှင်း ရွှမ်းချမ်းအနေနဲ့ ရှုတိုအပေါ် ဘယ်လိုမြင်သလဲ'

ရွှမ်းချမ်းက

ကျွန်တော် မြင်တွေ့ရသလောက်တော့ ရှုတိုဟာ တော်တော် အဆိပ် ဒ မှ[illegible] အသက်ဆက်ခေါ်၊ အရက်တွေ အာရုံထိန်း



ချုပ်ခြင်းဆိုင်ရာ ခံစားနေကြသူတွေ မဟုတ်ဘူး ဒီတော့ ကိုကြီးရွှမ်းရဲ့ ပြောသလိုပဲ သိုင်းလောကသားရဲ့ ကျွန်မတို့မသိသေး တဲ့ အခြားလူတွေ ဖြစ်မယ်ထင်တယ်'

စီးရင်က ခေါင်းတဆတ်ဆတ်ညိတ်လျှက်...

'ကောင်းပြီလေ၊ နက်ဖြန် နေ့ဝင်ချိန်အထိ အကဲခတ်စောင့် ကြည့်ကြသေးတာပေါ့၊ ပြီးတော့မှ ကျွန်တော်တို့ဘာလုပ်မလဲဆိုတာကို လဲ စဉ်းစားဆုံးဖြတ်ကြတာပေါ့၊ တိုက်ပွဲဆိုတာ အဆင်မပြေရင်လဲ အပြတ်ရှင်းပစ်လိုက်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## ရှန်ဟူး

နေ့ဝက်တစ်ခုနှင့်နက်....

စီးရင်တို့လူစုသည် အိပ်ရာမှနိုးနေကြပြီ၊ ဖြစ်ခဲ့သည်၊

ချင်ကျောင်တို့ လူစုမှာမူသည်း အိပ်ရာမှ နိုးနေကြပြီ ဖြစ်ခဲ့သည်။

ရှူတို့သည် ခရီးဆက်ထွက်ခွာရန် ပြင်ဆင်နေကြခဲ့သည်။

စွမ်းရဲက ချင်ကျောင်အား လှမ်း၍

'ဒါနဲ့ မိတ်ဆွေတို့ကို မေးပါရစေဦး'

ချင်ကျောင်က

'ဘာများလဲဗျ မေးပါ'



စွမ်းရဲက

'ခင်ဗျားတို့ ရန်သူတွေဆိုတာက ဓားကြမ်းကို လိုက်နေတာမဟုတ်လား'

'မှတ်တယ်၊ ထပ်ကြံပြီးမကျ လိုက်နေကြတာ၊ အထူးသဖြင့် ညဘက်ဆိုရင် ပိုပြီးဆိုးတယ်'

'ခင်ဗျားတို့အဖွဲ့မှာ လူဘယ်နှစ်ယောက်ရှိလဲ၊ ခင်ဗျားတို့ကို ရန်သူက လိုက်သတ်နေတာ ကြာပြီလား ဘယ်လောက်ကြာပြီလဲ'

'ကျွန်တော်တို့က စစ်ရှေ့ပိုင်းမှ တော့ဒီပါးလောက်ထဲ ပါလာ၊ အသတ်ခံနေရတာ အချိန် နှစ်လခွဲလောက်တောင် ရှိပြီဆိုပါတော့'

'ပြင်းပြင်းထန်ထန် တိုက်ပွဲဘယ်နှစ်ခါ နွှဲခဲ့ပြီးပြီလဲဗျ'

'ဆယ်ပွဲတိတိ ရှိနေပါပြီဗျာ'

စွမ်းရဲက တအံ့တသြဖြင့်

'ဟာ ဆယ်ပွဲတောင်ရှိပြီ ဆိုတော့၊ အင်း ဒါဆောင် တာမှမဖြစ်ဘူးဆိုတော့ ခင်ဗျားတို့ရဲ့ သိုင်းပညာတွေလဲ မဆိုးဘူးပဲဗျ'

ချင်ကျောင်ပြုံးလျက်

'ဟုတ်ကဲ့၊ ကျွန်တော်တို့ရဲ့ညီလုံးမှ တစ်ဦးကိုတော့ အသက်ပေးပြီး ကူညီမှုနဲ့ ဒီတရားကြောင့်ပဲ ဆိုပါစို့ဗျာ ခုချိန်မှာတော့ ဘာဖြစ်ရမှန်းမသိကြသေးပါဘူး'

'ဪ ဪ'

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ… ညအခါညှိုးမှာ ကျုပ်တို့ ရန်ကုန်တွေ လာကြဦး မသေမချင်းပြီး စိုးရိမ်နေရတဲ့ တော်ကြာမှ ခွဲရင် ခင်ဗျားတို့ပါ အနေ့ခုအချိန်မှာ မိုးသည်း ဖြစ်နေမှာ မဟုတ်ဘူး'

စွမ်းရဲက အထောက်လျှက်

'ဒီအတွက်တော့ မပူပါနဲ့ ခင်ဗျားတို့နဲ့ ကျုပ်တို့က အခုဆို မိတ်ဆွေဖြစ်သွားပြီ၊ ဒီတော့ မိတ်ဆွေအတွက် ကူညီဖို့ ဝန်မလေးရှိတယ် မဟုတ်ဘူးလား'

ချင်ကျော်က ခေါင်းညိတ်ပြပြီး စကားပြောမည်ပြင်ကို ပြောသမျှ မြှင်လျှက်—

'ခုဆိုရင် မနေ့က ကျုပ်တို့အခန်းနဲ့ ခင်ဗျားတို့ကို ဘာလို့ လာရှာသလဲ ဆိုတာ သူတော့ သိပါပြီ ထင်ပါရဲ့၊ အမှန်တော့ ဗျာ ကျုပ်တို့အရှက်ထဲ မပါချင်ဘူးပါ'

သူတို့သည် ယင်းသို့ စကားပြောနေစဉ်မှာပင်…

ချင်ကျော်မှာ မျှော်လင့်သော အမြင်သို့ ရောယ်ရှိသွားပြီး…

'တော်…ပြောရင်း ဆိုရင်းပဲ ကျုပ်တို့ရန်သူတွေတော့ လိုက်လာကြပြီ'

သူ စကားပြောခြင်း အဆုံးလိုက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ကြ၏။

တွေ့လိုက်ရ၏။

တည်းခိုစု ဝင်ပေါက်တံခါးဝသော လူငါးယောက်သည် ဓားကိုယ်စီလွယ်လျက် ကြမ်းကြမ်းတမ်းတမ်းအကွင်းသို့ ဝင်ရောက် လာကြလေသည်။



ထိုလူငါးယောက်ကိုကြည့်ပြီး ဖန်စူးမှာ သက်ပြင်းချလိုက်သည်။

'အင်း…ယခုအခါ ရောက်နေကြပြီ၊ ဘယ်သူ့ရန်ထူလဲဆိုတာ သိဘူး၊'

ချင်ကျော်က—

'ကျွန်တော်တို့နောက်က လိုက်လာတဲ့ရန်သူတွေပဲ အင်ပါရဲ့ဗျ'

စွမ်းရဲက…

'သူတို့ဝတ်ထားပုံကတော့ မဟာရာဂိုဏ်းက လူသတ်သမားတွေရဲ့ ပုံစံမျိုးပဲဗျ'

သူတို့သည် ယင်းသို့ပြောဆိုနေကြခဲ့မှာပင်—

တည်းခိုစုနှင့် ထိုလူငါးယောက်အည် ခန်းမကြီးရှေ့သို့ ကျင်မြန်စွာ ရောက်ရှိလာပြီး—

တံခါးမကြီးရှေ့တွင် ထန်းစီ၍ ဆန့်ကျင် ပိတ်ရပ်နေကြလေတော့သည်။

ချင်ကျော်က ထိုလူငါးယောက်ကို အော်ငေါက်လိုက်သည်။

'ဟေ့…မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကလဲကွ'

ထိုလူငါးယောက်မှာ အသက်သုံးဆယ်အရွယ်ရှိ လူငယ်များသာ ဖြစ်ကြသည်။

ချင်ကျော်က အော်ငေါက်လိုက်သော်လည်း သူတို့အနက် ချင်ကျော်အား လုံးဝဂရုမစိုက်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်အမှုကိုမည်သူ မပြောကြပါ။
သူ့မျက်နှာကိုမည်သူ မကြည့်ပါ။
အိမ်အပြင်၌ လှုပ်မြဲ ရပ်နေကြသည်။
ချင်ကျောင်းတို့ မလှုပ်မယှက်ဖြင့်—
'အသိလိုက်လဲကွာ၊ မနေလာ မပြောဘူးလား။'
ဆိုလျှင် ပါးစပ်မှာ ဆိတ်ဆိတ်နေသည်ဝင်း

အမှန်စင်စစ်....

သူတို့သည် စကားမပြောသော်လည်း သူတို့၏မျက်လုံးများ
မှ ရှုရှိုက်မြင်လှန်းလှသည်။
သူတို့၏ ရှုရှိုက်သော အကြည့်ကို ခံရသူများအနေဖြင့် ကုန်
လှုပ်မိကြရသည်အထိ ရှုရှိုက်နေလသည်။
သူတို့၏ပုံဟန်သည် အခန်းကျင်းရှိလူများအား၊ တစ်ခါဝမှ
ထွက်မသွားမည်၊ ရန်ပြုမည့်တန်မရှိပါ။
ကွက်ကောလျှင်မတော့—
ဆိုမြိုး ဟိုတ်ခိုက်မည့်သဘော ရှိနေ၏။

ဖန်စုသည် စီးရင်အား မပြုမပြုကြည့်လျှင်—
'တဲ—အရှေ့ကလေး ကျွန်ုပ်တို့ အနှလှုပ်ရမည်လဲ၊ ဘာလှုပ်
သင့်သလဲ'

စီးရင်က မည်သည့်မျှ ပြန်မပြောပါ။
နေ့တော်ထပ်ရောက်ရှိလာသော ရန်သူအသင်းများနှင့် ချင်
ကျောင်းတို့ လူစုတိုက်ရာ အကွဲခတ်ရှိကြည့်နေလေ့သည်။



ထူးခြားသည် ချင်ကျောင်းတို့လူစုမှာ ခေါ်ရောက်ရှိလာသောရန်သူ
နှင့် တစ်ဖွဲ့တည်း ဖြစ်နေမလောဟု သံသယများဖြင့် အကွဲ
ခတ်နေခြင်း ဖြစ်သည်ကို ဖန်စုတို့ သဘောပေါက်လိုက်ကြပေ
သည်

ထို့ကြောင့်....

သူကိုသည် ပါးစပ်ပိတ်သွားကြပြီး ပို၍ သတိရှိစွာ ကို
ထားလိုက်ကြတော့သည်။

၀ ၀ ၀

'ကျည်ဝတ်စုံနှင့်လူပေါ်လာသည် ကိုအိမ်မည်သုံးခဲ့ပေါ်
ချော'

တစ်ခါမှ ဆီးပိတ်လျက် တစ်ဖိုဟက်ဆေးထိုး ခေါင်းနာ
ကြည့်နေပါနေ၏။

အမှန်ပင်၊

ထိုလူစုသည် နေ့ထပ်ရောက်လာစဉ်းမည့်သူကို စောင့်
နေခြင်းဖြစ်သည်။

ယခု—

www.burmeseclassic.com

www.burmeseclassic.com



ဆူတို့စောင့်မျှော်နေသော လူကား၊ ရောက်ရှိလာပြီ မဟုတ်ပါလော။

လူတစ်ယောက်။

အတိအကျဆိုရပါလျှင် အသက်အတော်ပိုင်းအရွယ်ရှိ လူတစ်ယောက်ဖြစ်သည်။

ထိုလူသည် တံခါးဝမှစီတန်းရပ်နေသူများ၏ နေရာမှ ဘွားခနဲ ပေါ်လာခြင်းဖြစ်သည်။

ထို့နောက်…

သူသည် ရပ်စောင့်နေကြသော လူများအကြား၌ ဝင်ရပ်လိုက်သည်။

စီးရင်က ထိုလူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူ၏ ရုပ်ရည်တန်ပန်မှာ စာပေသမားဟန်ရှိသည်။

သို့သော်—

ဤလူကား မည်သို့မျှ စာပေသမား စစ်စစ် တစ်ယောက် မဟုတ်နိုင်ကြောင်း အကဲခတ်မိလေသည်။

အကြောင်းမှာ—

သူ၏လက်ထဲတွင် စာပေနှင့်ပတ်သက်၍ ရည်ညွှန်းသည့်စာရွက်မျှ ပါရှိမနေခြင်းကြောင့်ပင် ဖြစ်လေသည်။

…၀…

## ရွှေဓားရှင်

နေ့စဉ်ဆို၊ ရောက်ရှိလာသော ပုဂ္ဂိုလ်၏ လက်ထဲတွင် အရှည်ယှဉ်တန်းရှိနေသည်မှာ ဓားတစ်လက်သာ ဖြစ်နေသည်။

ယင်းဓားသည် ရွှေနှင့်ပြုလုပ်ထားသည့် ဓားအိမ်အတွင်း၌ ထည့်ရှိနေသည်။

ဓားမှာ နှစ်ပေခွဲသာ၊ အမျိုးအစားထဲကပင်ဖြစ်သည်။
အမှန်စင်စစ်…

ရွှေဓားအိမ်ကို ကိုင်နိုင်သူသည် သာမန်လူတစ်ယောက်မဟုတ်ပါ။

သူသည် အဆင့်မြင့်သော သိုင်းပညာရှင် တစ်ဦး (သို့) ကြွယ်ဝချမ်းသာသောလူ တစ်ဦး ဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်သည် ထူးအား ငြိမ်သက်စွာ အကဲခတ်နေသော
ဝီးခင့်ထို့သူရဲကောင်းသို့ ခပ်ပြုံးပြုံး စိုက်ကြည့်လျှက်—

'ချစ်ချစ် တယ်ရှုပ်လိုက်တာ မင်းတို့ထဲက သိရင်ပြောပါ'

ချစ်ချစ်က ခေါင်းခါလျှက်—

'ကျွန်တော်တော့ မသိဘူး'

စွမ်းရဲကလည်း—

'ကျုပ်တို့လဲ ခင်ဗျား ဘယ်သူ့အတွက်ဆိုတာ လုံးလုံးကို မသိဘူး'

ထိုအခါ...

စကြာဝဠာမှ ဟန်ရှိုးသာလျှင် မကျေမနပ် ဖြစ်သွားခဲ့လေသည်။

'မင်းတို့က ဘာကြောင့် သိုင်းသမားဖြစ်လဲကွ၊ မင်းတို့မသိရင် မှတ်ထား၊ သေကိုဖုံးတဲ့ ရွှေဓား ရှန်ကျိဆန်ဆိုတာ ကျုပ်ပဲ'

ထိုစဉ်း [illegible] ရှေ့သောအခါ—

စွမ်းရဲက တအံ့တဩဖြင့်—

'ခင်ဗျားက ရှန်ကျိဆန် ဟုတ်လား၊ အေးဗျာ...သတင်း ကြားတူးတာတော့ ကြားပါပြီ၊ လူကိုတော့ အခုမှဘဲ မြင်ဖူး တော့တယ်'

ထိုသို့ဆို—



'မင်းတို့အနေနဲ့ ငါဟာ ရှန်ကျိဆန်ဆိုတာကို မယုံကြည်ဘူး ဆိုရင်တော့ ကြိုက်သလို စမ်းကြည့်နိုင်တယ်'

ရှန်ကျိဆန်—

ထိုအမည်သည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က သိုင်းလောကတွင် အလွန်ကျော်ကြားခဲ့ဘူးသော သည်။

သူသည် ရွှေဓားတစ်လက်ဖြင့် ရှန်တိုမြစ်၏ အောင်နိုင်ရာကို ဆန်းကျေ ပရိုဆော မြစ်အခေါ်နှစ်သွယ်တွင် ကျော်ကြားခဲ့သည်။

သူသည် သိုင်းလောကအတွင်း ထိပ်သီးသိုင်းသမား (၁၀) ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ဘူးသည်။

သူသည် ထင်းသို့ ယှဉ်ပြိုင်တိုက်ခိုက်တိုင်း အရှုံးမရှိခဲ့ချေ၊ ထူးခြားတိုက်ကွက်များသည် ဆန်းပြားလွန်းလှသည်။

လူပ်ိစီးလှတ်သလို မြန်ဆန်လွန်းသည်။

ဆယ်ပြင်းမုန်တိုင်းထန်သလို ပြင်းထန်၏။

အမှန်တကယ်—

သူသည် သိုင်းလောကရှိ အဆင့်မြင့် သိုင်းသမားပေါင်း (၁၈) ယောက်အား အနိုင်ယူတိုက်ခိုက်ပြီးသော်လည်း သူသည် လူကို သတ်ခဲ့ဘူးခြင်း မရှိချေ။

ပြိုင်ဘက်ရအောင် ရှာ၍ တိုက်ခိုက်ခဲ့သည်။

သူသည် လူသတ်သိုင်းသမား မဟုတ်ပေ။

အမှန်အားဖြင့် သူ့ပညာအတွက် တိုက်ခိုက်ခဲ့ရသော တိုက်ခိုက်မှုဝါဒ သိုင်းသမားတစ်ယောက်သာ ဖြစ်သည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖို့လူမျိုးအား သိုင်းလောကတွင် မှန်းထားခြင်း မရှိခဲ့ကြပါ။

ဆမ်းဆေသတိရကြသည်က များသည်။

ထခု

အနှစ်နှစ်ဆယ်လုံးလုံး ခြေရာပျောက်သွားသော ယင်းရွှေခဲ၊ ရှန်ကျိုတန်အား တိမ်ပြာကျောင်းလို့ကျောင်းပျက်သဲရွှင် မမျှော်လင့်ဘဲ ဆာရောက်တွေ့ဆုံနေရချေပြီ။

လူဆို ကြီးလေးယောက်အဖို့ နာမည်သာတင်၊ ကြီးမားလှသော ရွှေခဲ၊ ရှန်ကျိုတန်၏ပုဂ္ဂိုလ်မျိုးတို့ တွေ့ရသည်မှာ

ကျွသည်မှာ ပထမဆုံးအကြိမ် ဖြစ်လေသည်။

ထို့ကြောင့်လည်း....

လူဆိုးကြီးလေးယောက်စလုံးသည် သူ့ကို ဂရုတစိုက် ကြည့်ရှုနေမိကြလေတော့သည်။

○ ○
○ ○ ○

အတန်ကြာမှ

စွမ်းရဲက ဓားပြင်းတစ်ချက် ချလိုက်ရင်း....

'အင်း... အနှစ်နှစ်ဆယ်ကျော်လောက်က သိပ်ပြီး ကျော်ကြားခဲ့တဲ့ သိုင်းညာရှင်ကြီးတစ်ဦးနဲ့ တွေ့နေရပါလား'



သူသည် ယင်းသို့ လူကြားလောင်းဆောင် ထုတ်ဖော်ပြောဆိုလိုက်ရသော်လည်း....

ထခု ရောက်ရှိလာသောလူမှာ ရွှေခဲ၊ ရှန်ကျိုတန် ဖြစ်ကြောင်း လိုးဝယုံကြည်ခြင်း မရှိသေးပါချေ။

ဓားထဲတွင်ဆဲ့ကိုင်ထားသော ရွှေခဲ၊အိမ်တစ်ဆောင်မှလွဲလျှင် ရွှေခဲ၊ရှန်ချိုတန်ဖြစ်ကြောင်း မည်သည့် အထောက်အထား ပြနိုင်ပါမည်နည်း။

စွမ်းရဲက ယင်းသို့တွေးတောနေစဉ်....

ရွှေခဲ၊ရှန်ကျိုတန်က ချင်ကျင်ဘက်သို့လှည့်၍....

'ဟေ ....မင်းအနေနဲ့ ငါဟာ ရွှေခဲ၊ရှန်ကျိုတန်ဆိုတာ ယုံသလား၊ ဒါမှမဟုတ် မယုံဘူးလား။ ကဲ....ပြောစမ်း'

ထိုအခါ....

ချင်ကျင်က ပျာပျာသလဲပင်....

'ယုံပါတယ်ခင်ဗျာ ယုံပါတယ်'

ရှန်ကျိုတန်က ကျေနပ်သွားသည်။

ထို့နောက်

သူသည် စွမ်းရဲဘက်သို့ လှည့်လိုက်ပြီး....

'အင်း....မင်းမျက်နှာကို ကြည့်ရတာ ရှာတော့ ကျုပ်ကို သိပ်ပြီး ယုံကြည်ရှိတဲ့ပုံမရဘူး။ အော်....ဒါနဲ့ ပြောစမ်းပါဦး။ မင်းနာမည်ကဘာလဲ'

စွမ်းရဲက ခေါင်းညိတ်လျက်....

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျွန်တော် နာမည်က စွမ်းရဲပါ၊ ခုနက လူကြီးမင်း ပြောသွားသလိုပါပဲ၊ လူကြီးမင်းဟာ ရွှေခေါ်ရွှန်ကျိုထန် ရဲ့ ယုံကြည်မှု ကျွန်တော့်အတွက် အခက်အခဲ ဖြစ်နေပါ ရော့ပဲ'

ရွှန်ကျိုထန်က—

'စွမ်းရဲ၊ လုပ်စစ်လက်စွမ်းရဲပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

ရွှန်ကျိုထန်က ခေါင်းညိတ်လိုက်ပြီး...

'မင်းတို့လူစုရဲ့သတင်းတွေကို သိုင်းလောကမှာ သိပ်မကောင်းလှဘူးကွယ့် ဟုတ်စ'

စွမ်းရဲက

'ဟုတ်ပါတယ် ခင်ဗျား ကြားသိတဲ့အတိုင်းပါပဲ၊ လေးဦးဆိုတဲ့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ရတဲ့ ကျွန်တော်တို့ အနေနဲ့ ဒီအထဲမှာ ရှိနေကြပါတယ်'

ရွှေခေါ်ရွှန်ကျိုထန်လည်း ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး...

'ကောင်းလေ၊ ရှိနေတော့လည်း အကောင်းပါ၊ ဒါနဲ့ မင်းတော့ ရွှေခေါ်ရွှန်ကျိုထန်ဆိုတာ ယုံနိုင်တဲ့လေသံမျိုးနဲ့ မပြောနဲ့ တော့နော်၊ ကောင်းပြီ မယုံရင် မင်းကိုသင်ပေးရော့လုံး ပေါ်ပြီး ကြိုက်ရာသိုင်းကွက်နဲ့ ငါ့ကိုစမ်းနိုင်တယ် ဒါပဲ'

အထက်စီးဆန်ဆန် ပြောလိုက်သောစကားကြောင့်...

စွမ်းရဲမှာ ဒေါသထောင်းခနဲ ထွက်သွားလေသည်။



သို့သော်

'အစောတ်နိုင်ဆုံး သည်းခံပါ'

ဟု စီးမင်း၏ ပြောထားသဖြင့်...

သူသည် စိတ်ကိုထိန်းချုပ်လိုက်ပြီး...

မျက်နှာကိုလည်း ချိုနိုင်သမျှချိုသအောင်လုပ်...

'ဒီလိုပါ ဆရာကြီး ခင်ဗျား၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးရဲ့ မြင့်မားလှတဲ့ သိုင်းပညာကိုသိပြီး ဖြစ်ပါတယ်၊ ဒါကြောင့် စမ်းဝံ့ပါဘူး'

ရွှေခေါ်ရွှန်ကျိုထန်က မျက်မှောင်ကြုတ်သွားသည်

'ဟ...မင်းလဲကွ၊ မင်းတို့က လူဆိုးလောကကြီး အကျည်းတန်နေတဲ့ နာမည်ကြီးတွေပြီး စိတ်ဓာတ် အသည်းကြောင်ရသလား'

ဆိုအခါ

စွမ်းရဲက

'တွန်တိုမြင်ထမ်းနှစ်ပတ်ရှိတဲ့ နာမည်ကြီး သိုင်းပညာရှင်ကြီး ဆယ့်ရှစ်ယောက်ကိုတောင် အနိုင်တိုက်ခဲ့ပေမယ့် လူတစ်ယောက်ရဲ့ သတ်ခဲ့တဲ့အဘွတ် ဂုဏ်သတင်းပျံ့လှတဲ့ ဆရာကြီးအနေနဲ့ အခုအတွေ့ တိုက်ချင်ခိုက်ချင် လူသတ်ချင်တဲ့စိတ်တွေ တစ်ကြောင်းပေါ်လာသလို့ဆိုတာ ကျွန်တော် အနေနဲ့ စဉ်းစားလို့ကို မရနိုင်ဘူး ခင်ဗျ'

စွမ်းရဲ၏ စကားလုံးများသည် အလွန်ပင် ထိထိမိမိ ရှိလှပေသည်။

ရှန်ကျိုထန်အဖို့ ချေညှိသို့ချ ပြန်မပြောနိုင်ဘဲ ငိုင်၍သွားလေတော့သည်။

အတန်ကြာမှ

သူသည် လေးလေး ခပ်အေးအေးဖြင့်....

'အင်း လူဆိုးကြီး အေးယောင်ဆိုတဲ့ မင်းတို့ဟာ သိုင်းလောကမှာ သတ်ခဲ့တဲ့လူတွေ နည်းမှမနည်းပဲကိုးကွ၊ ဒီတော့ ငါ့အနေနဲ့ မင်းတို့ကို ဘာကြောင့် မသတ်သင့်ရမှာလဲ'

အမှန်မှာ

ရှန်ကျိုထန် ပြောလိုက်သောစကားသည် အခြေအမြစ် မရှိသော စကားပင် ဖြစ်သည်။

သူသည် အကြောင်းပြချက် ကောင်းကောင်းမရှိ၍ ပြောမိပြောရာ ပြောချလိုက်ဟန် တူနေသည်။

ချွမ်းရဲက ပြုံးစိစိဖြင့်

'ဆရာကြီးက တကယ်ပဲ ကျွန်တော်တို့ကို သတ်ဖြတ်ချင်စိတ် ရှိနေတယ်ပေါ့'

'အေး ဒီနေ့အဖို့ သိုင်းလောကကြီးရဲ့ ရန်သူရန်ငြိုးဖြစ်တဲ့ မင်းတို့ကို ရှင်းပစ်ဖို့ ငါ့အနေနဲ့ စီမံပိုင်းဖြတ်ခဲ့ပြီးပြီ'

သူ၏စကားအဆုံးတွင်

စီးရင် ရှေ့သို့ တစ်လှမ်းတိုးလာပြီး

'ဆရာကြီးကို ဘယ်သူမှ အကောင်းပန်လို့ အားဆီးလို့ မရတော့ဘူးပေါ့'



ရှန်ကျိုထန်က ခေါင်းခါပြသည်။

'မှတ်ထားယ်၊ ကျုပ်အနေနဲ့ ဘယ်သူ့အတွက်အဆုံးကြောင့်မှ ဖြစ်ဖြစ် ငါ့ဆုံးဖြတ်ချက်ကိုမပြင်ဘူး၊ ဒီလူတွေကို သတ်ကို သတ်ရမယ်'

စီးရင်က ပြုံးလျက်

'ဘယ်သူမှ တားမရဘူးဆိုရင်လဲ သတ်ပါရှင်၊ သတ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မလူတွေကိုမသတ်ခင် ကျွန်မတို့ အရင်ဦးဆုံးတိုက်ပါ မှတ်ပြီလား၊ ပြီးမှ လူတို့ကိုသတ်ပါ'

ရှန်ကျိုထန်က မျက်မှောင်ကုပ်လျက်

'ဟာ...မင်းက ဘာကြောင့် ကြားထဲက ခေါင်းခံချင်နေရ ပြန်တာလဲကွ၊ ငါသတ်ချင်တာက လူဆိုးကြီး အေးယောင်ဆီက ဥစ္စာ'

ထိုအခါ

စီးရင်က ချင်တွင်ဘာဆီ မေးငေါ့ပြပြီး

'ကဲ-ငါတို့ပါ လောက်ကိုမရှု ဆရာကြီးအနေနဲ့ ဘယ်လိုလုပ်ဖို့ ရည်ရွယ်ချက်ရှိလဲ'

ထိုမေးခွန်းကို ရှေ့ရှန်ကျိုထန်က အလွယ်တကူပင် အဖြေပေးလိုက်သည်။

'အို-ဒီလူငါးယောက်က မင်းတို့နဲ့ဘာမှမဆိုင်ဘူး၊ အခြား စီပုဆိုတာ ကိုသိပြီးသားပါ'

ရှမ်ချွမ်းက ကြားဖြတ်၍ ...ည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ တဆိတ်ကျူးလူးပြီး နားထောင်ပါဦးတော့ ဗိုလ်လူ ငါ့ ... တို့ဟာ ကျွန်မတို့နဲ့ တစ်ဖွဲ့တည်းဖြစ်နေပါပြီတဲ့၊ အဲ— ဆရာကြီးက ဘယ်လိုသဘောထားမလဲ'

ထိုအခါ ရွှေမေးရှုန်ကျော်ထန်က

'တစ်ယောက်လို ဖူးကောင်းတို့နဲ့တစ်ဖွဲ့တည်း ဆိုမှတော့ ဗိုလ်ချောင် တွေလဲ ဘယ်လိုလုပ် လူကောင်းဖြစ်နိုင်တော့မှာလဲ'

စီးရင်ဆော

'အမှန်လဲ တစ်ဖွဲ့တည်းပဲ ဒီတော့ သူတော်မယ့်သတ်နှင့် ... ပါ ယင်မှဖြစ်မယ် မဟုတ်ဘူးလား'

အမှန်မှ

စီးရင်သည် ရွှေမေးရှုန်ကျော်ထန်နှင့် ချင်ကျောင်တို့မှ တစ်ဖွဲ့တည်း ဟုတ်မဟုတ် သိလိုစိတ်ဖြင့် စမ်းသပ်လိုက်ခြင်းဖြစ်လေသည်။

ကျူးဆဲလဲလဲကြောင့်

ချင်ကျောင်မှာ အထိတ်တလန့်ဖြစ်သွား၍ ပျာပျာသလဲ ဖြင့် ဆို လိုက်သည်။

'မဟုတ်ဘူး...မဟုတ်ဘူး ဗိုလ်လူတွေနဲ့ ကျွန်တော်တို့နဲ့ တစ်မျိုးဆိုင်တွေ၊ ညာတွေတွေ ဒါ ဘယ်လိုလုပ် တစ်ဖွဲ့တည်း ဆိုတာ ဖြစ်နိုင်ပါမလဲ'



ချင်ကျောင်၏သဘောထားက ဘွင်းဘွင်းကြီး ပေါ်ပေါ်ထင် ထင်ခဲ့ပြီ။

တကယ့်ကယ် ... အခဲတွေ့လေတော့ ... လက်ရှိန်း ပြီး လက်ပြေလွတ်မြောက်ခန့် ကြံစည်တော်သည်။

မဟုတ်ဟော မိတ်ဆွေကြီးများပါပေအား။

စွမ်းရဲက လက်မိုက်တော အားဆားထဲ သဲစွာ ပြုံးရယ် လျက်...

'... လိုလိုတော့ ခင်ဗျားတို့မှ ကျောင်တို့နဲ့ ပူးပေါင်းပါမယ်၊ ရန်သူကိုလက်တွဲပြီး အဘူတဲ့ တိုက်ခိုက်ပါမယ်ဆို အနောက်တွေ ရဲ့ ခင်ဗျားတို့ဟာ တစ်မျိုးပေါ့အား'

ချင်ကျောင်သည် လူ့အနေဖြင့် စေ့စားလွန်သူဖြစ်ပြီဖြစ်မှန်း စီးရင်တို့၏ ရိုးသားယဉ်အကွင်းသို့ ဆင်ခြင်မဲ့ ဝင်ရောက်မိခဲ့ပြီ ဖြစ်ကြောင်း ချက်ချင်းသဘောပေါက်လိုက်သည်။

သို့သော်

ပွဲ၏အသိမှာ နေရာယူသွားမှ ချပြီ မဖြုတ်ပါလွှား။

ထွေးတော့ ပြီမို့ ... မှာ

'အိုဗျာ၊ ဝါးစပ်နဲ့ ခပ်တဲ့ ဘိတ်ဆိုက ... တဆူးဝင်တော်မှတ် သို့ မရောက်ဘူး၊ အခြေအနေအရ ဒီလိုပဲကြည့်လုပ်ကြရတော့မပေါ့' ဟုအခါ

စီးရင်တ ရွှေမေးရှုန်ကျော်ထန်ဘက်သို့ ခပ်ပြုံးပြုံး ငေးကြည့် ကြည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



'ကဲ—ဆရာကြီး၊ ကျွန်မတို့နဲ့ သူတို့ရဲ့အကြားမှာရှိတဲ့ ကွာ တချက်ဟာ ဘာလဲဆိုတာ သိပြီမဟုတ်လား'

ရွှန်ကျိုသန်က ခပ်တည်တည်ဖြင့်

'ကွာဟချက်တွေ တွေ့တော့ တွေ့ပါသဘူး၊ ကျုပ် သိတာက ဒီအဖွဲ့နှစ်ဖွဲ့ဟာ မတူဘူး။ တစ်ဖွဲ့စီဆိုတာပဲသိတယ် ခဲ့ပြီ'

စီးရှင်က

'ဆရာကြီးရှင့်၊ ကျွန်မတို့ဟာ သိုင်းလောကမှာ နိုကျိုးရှာမဲ့ ဆော့ယ်ဘည်ရာမဲ့တဲ့ လူတွေဘက်ကနေပြီး ဗိုလ်ကျခိုးဆိုးချင် တဲ့ ကောက်ကျစ်အနိုင်ယူလိုတဲ့ အဖွဲ့အစည်းကို တော်လှန်ချေ မှုန်းပြီဖို့ ကြိုးစားနေတဲ့လူစုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မ တို့လို သြဇာတိက္ကမကြီးမားလှတဲ့ သိုင်းပညာရှင်ကြီးတွေရဲ့ ပူးပေါင်းကူညီ လှမ်းညွှန်မှုလေးကို အများကြီး လိုအပ်နေပါ တယ်'

စီးရှင်၏ စကားဆုံးသွားသည်နှင့် ရွှန်ကျိုထန်က ဟား တိုက်၍ရယ်လိုက်လေတော့သည်။

'ဟား...ဟား...ဟား၊ ဒီမှာ မိန်းကလေးရဲ့၊ ငါအခု ဒီကို လာခဲ့တာ မင်းပြောသလို ပူးပေါင်းဖို့မဟုတ်ဘူး၊ သုတ်သင်ဖို့ တိုက်ခိုက်ဖို့'

စီးရှင်သည် ရွှန်ကျိုထန်အား မည်သို့မျှ စည်းရုံး၍မဖြစ်နိုင် ကြောင်း၊ သဘောပေါက်သွားမိသောကြောင့်....



'ကဲ...ဘယ်လိုမှပြောမရရင်တော့ အရင်ဆုံး ကျွန်မနဲ့ တိုက် ရမှာပေါ့'

ရွှန်ကျိုထန်က

'မင်းလေးလဲ တယ်ခေါင်းမာတာကိုး၊ အရင်ဆုံး သေချင် တယ်ဆိုပါတော့၊ ကဲ...လာပြီဟေ'

သူသည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် လှံကိုမြှောက်ကိုင်၍ ရှေ့ဆင်ခင်းခနဲ လှည့်သွားလေတော့သည်။

ရွှန်ကျိုထန်သည် လှံကိုမြှောက်၍ ရှေ့ခံ၍ အိမ်ထဲမှ ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် စီးရှင်ထံသို့ တည့်တည့် မတ် သွင်းလိုက်လေသည်။

လှံ၏ လှုပ်ရှားမှုမှာ အလွန် မြန်ဆန်လှပါလှသည်။ စီးရှင်အဖို့ ဘိုးဇာချက်အား နောက်သို့ ဆုတ်ရှောင်ရန် သို့ တည်း အပေါ်သို့ ခုန်ရှောင်ရန် ဆိုသည်မှာ လုံးဝအချိန်မရ ပါ။

ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဟောသို့သော ကိုယ်ကို ယိမ်းယိုင် ရွှန့်လိမ်ပြီး ချောင်းတိမ်
ငုံ့ဆော်ရတော့သည်။

မိုးစားချက်များအား စီးရင်၏ လှောက်ခေါင်းနှင့် ခန္ဓာကိုယ်နာ
မှ ပွတ်၍သွားသကဲ့ လွဲသွားတော့သည်။

သို့သော်

စားချော် ဖိုးလင်းလိုက်သူ ရွှန်ကျိုထန်နှင့်အတူ ရပ်ကြ
နေကြသူ အားလုံး၏ မျက်စိထဲတွင်မူ စီးရင်၏ လက်ခေ
သို့ကောက် ခန္ဓာကိုယ်တွင် မားဖတ်ရာ ရသွားပြီဟု တစ်ထစ်
ယုံကြည်လိုက်ကြသည်။

ထို့ကြောင့်ပင်...

လူဆိုကြီး ဆေးခံယောက်တို့သည် ပြိုင်တူပင် သိကုန်
ကျော် တစ်ညီတစ်ည ဘည်းနှနခုပ်လိုက်ကြတော့၏။

မလေးမှ လွတ်လိုက်သော မြှားခံလေးစင်းပမာ သူတို့
မလောက်လုံး စီးရင်အနားသို့ ဖျတ်ခနဲ ရောက်ရှိလာခဲ့ကြ
သည်။

သို့သော်

သူတို့သည် ရွှန်ကျိုသန်အား တိုက်ခိုက်ရန် မရည်ရွယ်ကြ
အပြင် ပြိုင်တူ မုပိထန့်လိုက်ကြရသည်။

အကြောင်းမှာ...



စီးရင်သည် အကောင်းပကတိ ရှိနေပြီး သူတို့အား
နှစ်ဖက်ကို ဆန့်ထုတ် တားဆီး လိုက်ခြင်းကြောင့်ပင် ဖြစ်ပေ
သည်။

အကြယ်၍...

သူမသည် ယင်းသို့ မတားဆီးလိုက်ပါလျှင် ခေါ်သတကြီး
နှိုဝင်လာသော ဆေးခံယောက်၏ အနက်မှ တစ်ယောက်ယောက်
သည် အရှိန်လွန်၍ ရွှေစားရွှန်ကျို ထိုးအိမ်ခေါးဖျားတွင် အသက်
ပါသွားနိုင်ပေ၏။

အားလုံး နေသားတကျ ဖြစ်သွားမှ စီးရင်သည် သူမ၏
ဆန့်တန်းထားသော လက်နှစ်ဖက်ကို ပြန်ချ၍ ရုပ်သိမ်းလိုက်
သည်။

ရွှေစား ရွှန်ကျိုထန်သည် သူမအား မယုံကြည်နိုင်စွာ ငေး
ကြည့်မိလာသည်။

မင်း... မသေဘူးလား

လူမကျ မထိဘူးပြီ ၍...

နေစမ်းပါဦး။ သေပြီးသား လူက မတ်တတ်ရပ်နေနိုင်တာ
ချင်ဘယ်နှစ်ခါ မြင်ဖူးလို့လဲ

ရွှန်ကျိုသန်အား မယုံကြည်နိုင်စွာဖြင့်

'မင်း...မင်း...ဘာဒဏ်ရာမှ မရဘူး ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ အစမ်းမမှုးသားတဲ့ အတိုင်း ထိုသွဲ့သော
ဆို ဒဏ်ရာ ချက်ယိုင်းချ၏ မရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှန်ကျိဆန်မှာ မဖြေနိုင်ပါ။

လူ့ဂိုဏ်းကြီးပဲ အတွေ့အကြုံ တစ်လျှောက်လုံးအတွင်း ယခု ဒေါ်ဒေါက်ကို လုံး၀ ခံကျားမရသဲ ရှေ့ဆင်တိမ်းနိုင်စွမ်း တစ်ဦးမျှ တွေ့ခဲ့ဖူးပေ။

သူသည် ရွှေရောင် မှုန်ဝါးအိမ်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သော စိတ်ထဲမှ ဓားကို ပြန်ကြည့်လိုက်ပြီး—

'မဟုတ်သေးဘူး ဆင်တယ်၊ ငါ့ဓားအမင်းကို ထိသွားတာ သေချာတယ်'

စီးရင်က လှောင်ပြုံး ပြုံးပြီး

'ကဲ… ကဲ… ရှင့်ဓားချက်ကို ကျွန်မ ထိတယ်ပဲ ထားပါဦး၊ ကျွန်မ အခုဘာမှ မဖြစ်တော့ ရှင့်ဓားအ အတွက်ကြီး မိုလို ပေါ်မတွက်ဘူးလေ'

ရှန်ကျိဆန်မှာ မချေမနပ် ဖြစ်သွားရ၏—

'ဓားမပြောနဲ့၊ ငါ့ဓားတဲ့ အဆုံးအဖြတ်အဖြစ် ရောက်နေတဲ့ လက်ကိုင်ခြေပတ်နဲ့တောင် ငါကိုယ်ခိုဆိုရင် ထိတဲ့လူကို သေစေနိုင်တယ်'

စီးရင်က

'ကြံစည်တိုင်းလည်း မဖြစ်တတ်ဘူး၊ ထင်မြင်တိုင်းလည်း မမှန်တန်ဘူးဆိုတဲ့ စကားလည်းပေါ့ရှင်၊ အခု ရှင့်ရည်ရွယ်ချက်မအောင်မြင်ဘူး၊ ကျွန်မ ဘာမှ မဖြစ်တော့ ရှုံးတော့ပဲ မဟုတ်လား'

ရှန်ကျိဆန်က ခေါင်းညိတ်သည်။

'ဒါတော့ ငါဝန်ခံတယ်၊ အံ့လည်း အံ့သြမိတယ်'



'အံ့သြမနေပါနဲ့တော့ရှင့်၊ လောကကြီးမှာ ကိစ္စ အတော်များများဟာ အဖြေရှာလို့ မရတတ်ပါဘူး၊ ဒီတော့ ခုကိစ္စ ဒီမှာပဲ ရပ်ထားလိုက်ကြပါစို့'

စီးရင်သည် ယင်းသို့ စကား ပြေ ဆိုနေရင်းမှပင် သူမ၏ လှပသော မျက်နှာပေါ်တွင် ခေါ်သရောင်များ လျှမ်းတက်လာပြီ…

'ဒါနဲ့ … မေးပါရစေဦး၊ ဒီလောက် သဲကြီးမဲကြီး သတ်ချင်နေရအောင် ရှင့်ကို ဘယ်သူက ဘယ်လို ခြိမ်းခြောက်မှုနဲ့ တွန်းအားပေးနေလို့လဲ'

ရှန်ကျိဆန်က

'ခြိမ်းခြောက်မှု ဟုတ်ဘူး၊ ဘယ်သူက ငါ့ကိုခြိမ်းခြောက်မှ သေနေတယ်လို့ မင်းထင်သလဲ'

စီးရင်က

'ကျွန်မ သိပါတယ်လေ၊ ထဲကယ်တော့ ရှင်တို့ကို ဖိအားပေးပြီး ခိုင်းစေတာတဲ့ အဖွဲ့အစည်းဟာ မဟူရာဂိုဏ်း အဖွဲ့အစည်းပါပဲ၊ ဟုတ်တယ် မဟုတ်လား'

သူသည် မည်သည့်စကားမှ ပြန်လည်၍ ချေပ ပြောဆိုနိုင်ခြင်း မရှိပါ။

ပြုံးကျယ်သော မျက်လုံးအစုံဖြင့် စီးရင်တို့ စိုက်ကြည့်နေလေသည်။

သူမက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း သေ... ရှင့်လို လူမျိုးက တရားပြလို့လဲ ရမှာမဟုတ်ဘူး။ ဒီတော့ လူကြီးမင်းရဲ့ သိုင်းပညာရှင်တို့ သိုင်းပညာနဲ့ပဲ ဆောင်ပြောရတော့မှာပေါ့'

ထို့နောက်...

ရှုမသည် ဖန်ဖူးတာဆီသို့ မျက်လုံးစွေကြည့်လျက်—

'ကိုကြီးဖန်ဖူး၊ ဟိုလူသတ်သမား ဝါးဖောက်ကို တာဝန်ယူ ဖြေရှင်းပါ၊ ရွှေမိုး၊ ရှန်ကျိုးထန်အတွက်တော့ ကျွန်မ တာဝန်ထား'

ဖန်ဖူးက

'ဖြစ်ပါ့မလား၊ အစ်မတော်'

'ဖြစ်ပါတယ်၊ ရှင်တို့အစနနဲ့ ကျွန်မကို စောင့်ကြည့်ချင်တယ် ဆိုရင်လဲ ပထမဦးဆုံး ဟိုလူသတ်သမားတွေကို အပြတ်ရှင်း လိုက်ပါဦး၊ ပြီးမှ လာကူပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ပြောပြီးသည်နှင့် မပြိုင်နက် ဖန်ဖူး၏ အသည်းဖောက် ဓားမှာလည်း ထောက်ခနဲ လက်ထဲပေါ်လာတော့သည်။

ထွက်လာသည်နှင့် တစ်ပြိုင်နက် အသည်းဖောက် ဓားက အသည်းဖောက်သွားချေပြီ တကား။

တူညီတော်စုံနှင့် လူငါးယောက် အနက်မှ ညာဘက် အစွန်ဆုံးမှ လူသည် လဲကျသွားတော့သည်။

ကျန်လူ လေးယောက်သည် မည်သို့ ဆောင်ရွက်ရမည် မသိ ဖြစ်နေစဉ်မှာပင်...



ရှမ်ချန်၏ အဆိပ် အကျိတ်ပုန်း၊ မြွေပုန်း၊ ဝမ်ဖင်း၏ ဇီနီချေ အပ်များသည် ရှိုလူ ကျော်ယောက်၏ ခန္ဓာကိုယ် အသီးသီးသို့ ပြေးလွှား တိုးဝင်သွားလေပြီ တကား။

* * *

ရှမ်ရဲသည် တိုက်ပွဲအတွင်း ဝင်ရောက် ဆင်နွှဲခြင်းမပြုဘဲ တိုက်ပွဲ၏ အလျင်အမြန် အဆုံးသတ်သွားခဲ့ပြီ၊ လူဆိုးကြီး ဘေးဆေးမား၏ တိုက်ခိုက်ဆင်နွှဲမှုသည် လုံးဝ မှန်နိုင်စရာမရှိအောင် မြန်ဆန်လှုပ်ရှားလှသောကြောင့်—

ရှန်ကျိုးထန်မှာ အံ့အားသင့်သွားမိသည်။

ချင်ချောင်တို့ လူသိုက်မှာလည်း ကြောင်အ၍ သွားကြတော့သည်။

စီးရင်ချော မြေပေါ်၌ လဲကျ သေဆုံးနေပြီ ဖြစ်သော တူညီတော်စုံနှင့် သိုင်းသမားများကို ငေးကြည့်လျက်...

'ကဲ... ဆရာကြီး၊ ရှင့်လူတွေ ဘာဖြစ်ကုန်ပြီလဲ၊ မြင်တယ် မဟုတ်လား'

ရှန်ကျိုးထန်မှာ မျက်စိမျက်နှာ ပျက်နေသည်။

စီးရင်ကာ ဆက်ဆိုသည်။

'တကယ်ဆိုရင်၊ ရှင်ဟာ လွန်ဆန်လို့မရတဲ့ လူတစ်ယောက်ရဲ့ အမိန့်အရ ကျွန်မတို့ကို လာတိုက်ဖို့ ပါမှမဟုတ် ဖမ်းဆီး ခေါ်ဆောင်ဖို့ လွှတ်လိုက်တယ် ဆိုရင်တော့ ကျွန်မတို့ကို လွယ်လွယ်ကူကူနဲ့ တော့ ဖမ်းဆီးရမှာ မဟုတ်ဘူး၊ တိုအိမ်ဒိုအသတ်ဖြတ်ပြီမှဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် စိမ့်ထုတ်လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် ပြောပြီးသည်နှင့် ကိုယ်နေဟန်ထားကို တို့ဆိုင်
တေနေ့နည်းအသွင် အသင့်ပြင်ဆင် ထိုင်လိုက်လေတော့သည်။
ညီဘော်

ရှေးအခါ ရှန်ကျိုးသန်မှာမှု ခေါ် ကိုဆွဲထုတ်ခြင်း မပြုခဲ့၊ အပြန်အလှန် ချေပပြောဆိုခြင်းလည်း မပြုတော့ပါခဲ့။ သူသည် မည်သူ့ကိုမျှ မကြည့်တော့ဘဲ နဖူးခေါင်းငိုက်စိုက်ချ၍ ထိုနေရာမှ ပြန်လှည့်ထွက်ခွာသွားလေတော့သည်။

* * *

ရန်လူတက်သော်၊ ကိုယ်တို့ထက်သော်၊

ရှန်ကျိုးသန် အခန်းတွင်းမှ ထွက်ခွာသွား၍ အတန်ကြာသော အခါတွင်မူ စွမ်းရဲသော ချင်ချောင်ဘော်လှည့်၍

'ကဲ ခင်ဗျားတို့ဆရာကြီးတော့ သွားပြီ၊ ခင်ဗျားတို့ကော ဘယ်လိုလဲ၊ တစ်ပွဲတစ်လမ်း စမ်းကြည့်ချင်သေးလား'

ထိုအခါ

ချင်တုံချင်ဟာ ဟန်ဆောင်ရယ်မောလိုက်ပြီး

'ဘယ်နှယ် အချင်းချင်းခဲ့ဖူး တစ်ပွဲတစ်လမ်း စမ်းရမယ် ဆို မတော်တာ'

စွမ်းရဲသော

www.burmeseclassic.com

www.burmeseclassic.com



'ကဲ အဲဒီသဘောပြောနေတာနဲ့ ရှေ့ချင်း ခင်ဗျား အသင့်ဖြစ်
တော့ ခင်ဗျားနဲ့ ကျွန်ုပ် အနိုင်အရှုံး တိုက်ကြည့်ကြတာ
ပေါ့'

ချင်ကျောင်အား

'မတိုက်လို့ မဖြစ်တော့ဘူးလား'
'အိုဗျာ အဲဒီတွေ ပြောမနေစမ်းပါနဲ့ ဆို'
စွမ်းရဲက ပြောပြီးသည်နှင့် ချင်ကျောင်အားတိုက်ခိုက်ရန် ထန်
ပြင်လိုက်၏။

ချင်ကျောင်သည် ဓားနှံဖျက်ပြီး ချေးသီးချေးပေါ်အိမ်မှာ
ရှဲဆင်းလေ့ရှာသည်။
ဖန်ရှူးက ကြားမှဖြတ်၍

'ကိုကြီးစွမ်းရဲ ကျွန်တော် သဘောင်းဖွန်ပါရစေဦး'
လူသတ်တာက လွယ်လွယ်ပါ၊ လူ့အသက်တစ်ချောင်း ဖြစ်ဖို့
ဆိုတာက ခဲယဉ်းတယ် ပြီးတော့ အင်မတန်တော်လို့ ကျွန်တော်
တို့ ဘာမှသားလဲ'
ထိုသဘော ကြားလိုက်ရသောအခါ
စွမ်းရဲ၏ အချိန်မီ ပတိတရားရသွားလေသည်။
လူသည် ချင်ကျောင်အားကြည့်လျက်
'ခင်ဗျား သိပ်ကံကောင်းသွားတယ်'
ချင်ကျောင်သည် စွမ်းရဲအား မကြည့်ပါ
ဖန်ရှူးကိုသာ စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး



'ကျေးဇူးတင်ပါတယ်၊ ခင်ဗျား ကျွန်တော့်အသက်ကို
ကယ်လိုက်တာပဲ'

ဖန်ရှူးက ထက်အောပြုံးလိုက်သည်။

'မလိုပါဘူးဗျာ၊ ကျွန်တော်တို့အခုနဲ့ မထိုအပ်ဘဲ မသတ်
ဆင့်ဘူးဆိုတဲ့ အသိတရားကိုပေးခဲ့တဲ့ မောင်မင်းအစ်ကိုကို
သာဗျား ကျေးဇူးတင်ချင်တင်ပါ'
ဆွမ်းစားဆုံးသည်နှင့်
ချင်ကျောင်အား စီးရင်ကိုဦးညွှတ်လိုက်သည်။
စီးရင်မှာမူ အားလုံးကို ခပ်ပြုံးပြုံးစိုက်ကြည့်နေသည်။
အဖန်ကြာသောအခါ ဖန်ရှူးက

'ဒါနဲ့ မေးစမ်းပါရစေဦး၊ ခင်ဗျားတို့အနေနဲ့ ကျုပ်တို့
နောက်ကို ခနတဲ့ဖောင်ခဲ့ပြီး မလိုက်မိနေလို့ ဖြစ်တို့မဖြစ်ဘူး
လား'

ဖန်ရှူး၏မေးခွန်းသည် ချင်ကျောင်တို့ နောက်ဆုံးယင်ခံ လိုက်
နေသည်ကိုစွက်ကို သိပြီးဖြစ်သည်ဟူ၍ သဘောကိုထုတ်မပြောဘဲ
ခေါ်လှည့်နေစေသည်။

ချင်ကျောင်က ခေါင်းညိတ်ပြလိုက်သည်။

'ခုမှတော့ မထူးပါဘူးဗျာ၊ ကျွယ်ပွဲတံနေလဲအပိုဖို့ဆိုတော့
ကျွန်တော် မှန်တဲ့အတိုင်းဖွင့်ပြောပါတော့မယ်၊ တော
တန်းက ခင်ဗျားမေးတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့အနေနဲ့

www.burmeseclassic.com



ခင်ဗျားတို့နေ့ထက်ကို မလိုအိရင်မဖြစ်တော့ လောဘအောင်
ချုပ်ကိုင်ထားတာခံရလို့ နေ့သက်ခံယောင်ခံ လိုအပ်နေတာပါ
ပဲ တော့ ယုံပါဗျ'

ဖန်စွာက မသိမသာပြုံးလိုက်ပြီး

'ဒါဆို ရှန်ကျိုထန် စီနေရာမှာတော့ပြီ၊ ကျုပ်တို့ကို တို
တော့ မယ်ဆိုတာ ခင်ဗျားတို့ သိထားပြီးနေမှာပေါ့ မှုတ်
လား'

ချင်တျင်အာ ခေါင်းခါရမ်းလိုက်ပြီး

'မသိပါဘူး၊ သူတို့ဟာ ခင်ဗျားတို့နေ့ထက်ကို လိုအပ်ရမယ်ဆို
တဲ့ အမိန့်တာလဲလို့ ကျွန်တော်တို့ ဘာမှမသိပါဘူး'

'အင်း…ခင်ဗျားတို့အဖွဲ့ပြီးရင်လဲ နေ့ထက်အဖွဲ့ခေါ်သွားပြီး
ကျွန်တော်တို့နေ့ထက်ကို လိုအပ်နိုင်းနေမှာပဲထင်ပါရဲ့'

'အဲဒါလဲ ကျွန်တော်တို့မသိဘူးဗျ၊ ကျွန်တော်တို့ရထားတဲ့
အမိန့်ကတော့ ခင်ဗျားတို့နေ့ထက်ကိုလိုအပ်ရမယ်၊ ကျွန်တော်တို့
အသက်မသေမချင်း နေ့ထက်အောင်ခံလိုအပ်ရမယ်ဆိုတဲ့ အမိန့်
ပါပဲ'

'မသေမချင်း ဟုတ်လား၊ ပြဿနာပဲ ခု…ခင်ဗျားတို့ ဘာ
လုပ်ကြမလဲ'

'ကျွန်တော်တို့တစ်နေ့နဲ့အတော့ ခင်ဗျားတို့ သတ်လို့သေတာ
မှ သေမှာ တအောင်အောင်ထိလိုအပ်နေရမှာပဲ'



'ရှင်တို့အနေနဲ့ ရှင်တို့ကို အဆိပ်ကျွေးတဲ့လူဟာ ဘယ်လို
မျိုးလဲဆိုတာ ကျွန်မကို ပြော ပြနိုင်မလား'

ချင်တျင့်အာ

'အင်း…ဘာလူမျိုးလဲဆိုတာတော့ မသိဘူးဗျ၊ ဒါပေမဲ့
မြန်မာလူတွေနဲ့ လုံးဝမတူတဲ့ အမျိုးသမီးဆင်သောက်
ပါတော့ အသေချာပဲ'

စီးရင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်လား၊ ဒါဆို ကုလားလူမျိုးထဲကဖြစ်မယ်၊ အဲဒီလူမျိုး
ဟာ နှင့်ဆိုင်တဲ့အရပ်မှာ အဆိပ်ပိုးကောင်တွေကို မွေးတတ်ကြ
တယ်၊ အထူးသဖြင့် အမျိုးသမီးတွေက ပိုပြီးမွေးကြတယ်'

ချင်တျင့်အာ

'ဝတ်စားပုံအရ အမျိုးသမီးလို့သာ ပြောရပေမယ့် သူ
မျက်နှာကို ဇာပဝါနဲ့ အမြဲတမ်းဖုံးအုပ်ထားလို့ သူ့ရုပ်ရည်ကို
တော့ မမြင်ကြရပါဘူး'

စီးရင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း…မဟာရာဂိုဏ်းဆိုတဲ့ အဖွဲ့အစည်းလဲ မဆိုးပါ
လား၊ သိုင်းလောကအကျော်အမော်တွေကို သိမ်းသွင်းထား
ရုံမကဘူး၊ အဆိပ်ပိုးမွေးတဲ့ အမျိုးသမီးတွေကိုပါ စည်းရုံး
ထားတယ်ကိုး'

ထို့နောက်

သူမသည် ချင်တျင့်အာ၏မျက်နှာကို လှမ်းကြည့်လိုက်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ရှင်တို့တစ်ခန်းက ကျွန်မတို့နေ့စဉ်ကို ဆိုင်ရဲ့ သတ်သတ်ပဲဆိုတော့ ကျွန်မတို့ ရှေ့ဆက်သွားနိုင်မယ်၊ ရှင်တို့ခနေသေးတဲ့နေပြီး တန်မပျက်သေး လိုက်ခဲ့ကြပါလေ'

'စစ်ပွဲစင်းပါပြီ အစ်မလေး'

ဤသို့ဖြင့်

စီးရင်တို့လူစုသည်ချင်ကျင်တို့လူစုကိုခေါ်တဆက်၍ လျှောက်သွားကြရာ ကဖြည်းဖြည်း ချင်ကျင်တို့လူစုနှင့် ခပ်ချစ်ဆယ် အကွာအဝေးအထိ မြဲမြန်သည် ဝေးလာကြတော့၏။

ဤသို့ ရှေ့နှင့်နောက် မျက်ခြည်မပြတ်တမ်း လျှောက်လှမ်းနေကြရာ တော်မကြီးပေါ်သို့ ရောက်ရှာအခါ…

စီးရင်က သူ့၏လူများအား မြန်နိုင်သမျှ အမြန်ဆုံးသွားကြရန် အမိန့်ပေးလိုက်လေတော့သည်။

ထမ်းကြီးပေါ်တွင် လူသွားလာ နှင့် လှည်းများ ရှုပ်ထွေးလျက်ရှိနေသည်။

စီးရင်တို့မှာ ခရီးပြင်းနှင်နေကြဆဲ…

ဤသို့ဖြင့် နေဝင်ချိန်သို့ ရောက်ရှိ ၍ပြီး

သို့ရောက်—

လူတို့သည် စခန်းချ၍ ညအိပ်ရမည့်နေရာကို ရွေးချယ်ကြခြင်းဖြစ်ရာ…

ထိုအခါ



သူတို့ ရောက်ရှိသွားသောနေရာမှာ ကျွန်းမြင်ကြီး၊ အစ်ခု အတွင်း ဖြစ်နေသည်။

မိုးထွန်းချိန်သို့ ရောက်ရှိသည့်အချိန်အထိပင် သူတို့သည် ထိုကျွန်းမြင်ကြီးကို ဖြတ်သန်းနေကြဆဲပင် ဖြစ်သည်၊

ငွေလဝန်းသည်…

ကောင်းကင်ယံ၌ ထိန်ထိန်သာလျက်…

ရှမ်ချွန်စား ပြုံးလိုက်ပြီး…

'အင်း…ချင်ကျင်တို့တော့ များစွာခြေပြတ်သွားပြီထင်ပါ'

ဟုဆိုကာ ဆုံးမှီ…ရှုပ်ထွေးသော ခြေသံများကို ကြားလိုက်ရလေတော့သည်။

ချင်ကျင်တို့လူစုသည် စီးရင်တို့နေရာသို့ အပြေးလိုက်လာနေကြပြီ။

ရှမ်ချွန်စား ဒေါသထွက်လာလေ၏…

'ခင်ဗျားတို့ ဒီလောက်ပြန်မြန် ပြေးလိုက်ရမှာ မဟုတ်ဘူး လေ၊ ဒီမှာရပ်စောင့်နေတာ မတွေ့ဘူးလား'

www.burmeseclassic.com



နန်းကြည်သည် ရှမ်ချုန်ရှေ့သို့ရောက်လာပြီး မြေကွက်မီးကို ထန်းနှင့် ရပ်တန့်လိုက်သည်။

ထို့နောက်…

မော့မကြည့်ဘဲ အသက်ရှူရင်းမှ…

'အစ်မ…အစ်မလေးဆော တယ်…ဘယ်မှာလဲ'

ဟု အမေးတဆေး မေးလိုက်လေသည်။

ရှမ်ချုန်က…

'ရှိတယ်၊ ဘာကိစ္စ ဒီလောက် တလေးတကြီး မေးနေရတာလဲ'

ဟုသည် ပြောပြီး ချင်ကျင်တို့လူစုကို သေချာစွာ ကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်မိသောအခါ ရှမ်ချုန်၏ မျက်လုံးပြူးသွားမိတော့သည်။

မူလအ ငါးယောက်မျှရှိသော ထိုလူစုသည် ယခုအခါ သုံးယောက်သာ ရှိနေသည် မဟုတ်ပါလော။

'တင်–ခင်ဗျားတို့အားလုံး ငါးယောက် မဟုတ်လား'

'ခု ဘယ်နှယ် သုံးယောက်တည်း ကျန်နေရတာလဲ'

ချင်ကျင်က

'ဟုတ်ကဲ့၊ ကျွန်တော်တို့သုံးယောက်ပဲ ကျန်ပါတော့တယ် ဟိုနှစ်ယောက်ကတော့ ပိုးကောင်အဆိပ်ဒဏ် ခံသွားရပါပြီ'



ဆိုစဉ်

စီးရင်အား အနီးသို့ ရောက်ရှိလာပြီး…

'ဒါဖြင့် ရှင်တို့တွေ ကျွန်မတို့နဲ့ ပူးပေါင်းလိုက်တယ်ဆိုတဲ့ အကြောင်း မဟူရာဂိုဏ်းက သိသွားပြီပေါ့ဟယ်'

ချင်ကျင်က ခေါင်းခါပြလိုက်သည်။

'သိမယ်မထင်ပါဘူး၊ သိရင် သည့်ထက်နှစ်ယောက်အပြင် သမှာတွေ့တော့ဘူး၊ ငါးယောက်စလုံး အသက်ထွက်မှာ'

'ဒါဆို ဟိုနှစ်ယောက်က ဘာလို့ သေသွားရတာလဲ'

'ဒါတော့ ကျွန်တော်တို့ကို မဟူရာဂိုဏ်းက စွဲထားတဲ့ အင်းလိုက်တာပဲ ထင်ပါတယ်၊ အဆိပ်ရဲ့ဆိုးရွားပုံ အဆိပ် ကောင်ရဲ့ ကြောက်စရာကောင်းပုံကို ကြိုးကိုမြင်ကြတော့အောင် သတ်ပြလိုက်တာပဲ ထင်ပါရဲ့'

'နေစမ်းပါဦး၊ သည်အဆိပ်က ဘယ်လိုပဲ ကြောက်စရာ ကောင်းသလဲ'

'မပြောပါနဲ့တော့ဗျာ၊ ကျွန်တော် အတွေ့အကြုံအရပြော ရင် သေသွားတဲ့ လူနှစ်ယောက်စလုံးဟာ ခြေတစ်ဖက် ဆေးမီး ဖြင့်ပြတ်လို့ စနေနှာခံရွေးရေးချင်တောင် တစ်စစီအသား ညည်းညူနေယိုလူမျိုးတွေ မဟုတ်ပါဘူး၊ ဒါပေမယ့် အဆိပ်ပိုးဒဏ် ခံရတဲ့အခါမှာတော့ မြေကြီးပေါ်မှာတို လူး ကြပုံ၊ နေ့ကော်ဆုံး ပါးစပ်နဲ့ နှာခေါင်းထဲက သွေးတွေ ထွက်လာပြီး တစ်ခါတည်း ငြိမ်ကျသွားတော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲသည်လိုဖြစ်နေတုန်းမှာ ရှင်တို့နားမှာ ဘယ်သူတွေရှိ
သေးသလဲ'

စီးရင်စော်မော်ခွန်းကို ချင်ကျောင်ဆာ အနည်းငယ် စဉ်းစား
လိုက်ပြီး....

'ကျွန်တော်မှတ်မိပြီ၊ အဲသည်တုန်းက ကျွန်တော်တို့
လှေမ်းကေမ်းလေးမှာ အဝတ်နက်တော်ထားတဲ့ လူ
ဆောင်နဲ့ တစ်ကိုယ်လုံး အဝတ်စိမ်းဝတ်ပြီး မျက်နှာကို
အဝတ်စိမ်းနဲ့ ဘဲ ဖုံးအုပ်ထားတဲ့ အမျိုးသမီးတစ်ယောက်
ရှိနေကြတယ်'

စီးရင်က ခေါင်းညိတ်လိုက်ပြီး—

'အင်း...ယည်အမျိုးသမီးဟာ အဆိုပ်ပိုးမွှားတဲ့ အမျိုး
သမီး ဖြစ်ရမယ်၊ ဒါနဲ့ ရှင်တို့ အခု ဘယ်လိုလုပ်မယ် စိ
ကူးထားကြလဲ'

ချင်ကျောင်က တုန်လှုပ်စွာဖြင့်....

'ကျွန်တော်တို့အနေနဲ့ ကြောက်ရွံ့ မိတာတာလွဲလို့ ဘာ
ဆက်လုပ်ရမှန်း မသိတော့ပါဘူး၊ ဒါကြောင့်လဲ အစ်
ဆောင်တို့နေရာကို အမြန်ဆုံးလိုက်ပြီး ပြေးပြီမိတာပါ'

စီးရင်က

'အမှန်ပြောရရင် ကျွန်မတို့ဟာ သည်ဓဝပနစ်ကို မခံစား
ချင်ဘူး၊ ဒါကြောင့်လဲ ကျွန်မတို့သုံးယောက် ကိုယ့်ကိုယ်



သတ်တော့ကြဖို့ ဆုံးဖြတ်ပြီးပါပြီ၊ အခုလဲ အစ်ဆောင်တို့ကို
လာနှုတ်ဆက်တဲ့ဘဲ ယခုတာလာခဲ့တာပဲပါ'

ထိုစကားကြားလိုက်ရသောအခါ—

စီးရင်နှင့်တကွ လူမိုက်ကြီးသေးသေးသာ မျက်လုံးအစုံမှာ
ပြူးကျယ်သွားရလေသည်၊

'ဘာ...ကိုယ့်ကိုကိုယ် သတ်သေကြမယ်လို့တဲ့လား'

ရှမ်းချန်က မယုံကြည်နိုင်စွာဖြင့် ပြန်မေးလိုက်သည်၊

'မှတ်ပါတယ်'

ထိုအခါ စီးရင်က

'ကျွန်မ တစ်ခုပြောမယ်၊ နားထောင်စေအေး'

'ပြောပါအစ်မ...၊ ကျွန်မတို့ နားထောင်ပါမယ်'

'ဒီလိုပါ၊ ကျွန်မပြောလိုတာက ရှင်တို့အနေနဲ့ အဆိပ်
ဝတ်မခြင်း ကိုယ့်ကိုကိုယ်သတ်သေဖို့ မကြိုးစားဖို့နဲ့ ပြီးတော့
သိပ်မချိမဆန့်ခံစားနေရပြီဆိုရင်တော့ ရှင်တို့ရဲ့ဒေသစေနိုင်တဲ့
အကြောင်းကို ထောက်ပိတ်ပေးဖို့ ကျွန်မ သဘောတူတယ်
ဆိုတဲ့ အကြောင်းပဲ'

ထိုစကားကြားလိုက်ရနှင့်

ချင်ကျောင်တို့သုံးယောက်မှာ မျက်နှာများမှာ ပြုံးရွှင်သွား
ကြလေ၏၊

ချင်ကျောင်က

'ကျေးဇူးပါပဲ အစ်မရေ၊ ကျွန်တော်တို့အနေနဲ့တော့ ဒေသ
စီးမှုသာရှာ ဝေဒနာကြီးကို မချိမဆန့်မခံစားချင်ကြပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



စီးရှင်အား ချင်ကျောင်တို့သုံးယောက်၏မျက်နှာကို အတဲခတ် ကြည့်ရှုနေပြီး—

'ဒါနဲ့ ကျွန်မမေးတာကို မှန်မှန်ဖြေပါ၊ ရှင်တို့အနေနဲ့ ငြိမ်းချမ်းစွာခိုလှုံရတယ်မဟုတ်လား၊ ရှင်တို့လူနှစ်ယောက်ကို ရှင်တို့ရှေ့မှာတင်သတ်ပြီး ရှင်တို့ကို တစ်ခုခု ညွှန်ကြားချင် စေးလိုက်သေးသလဲ'

သူမ၏စကားကြောင့် ချင်ကျောင်တို့သုံးယောက်၏ မျက်နှာ မှာသည် ကွက်ခနဲပျက်သွားကြ၏။

သူတို့အနေဖြင့် စီးရှင်၏ စူးရှထက်မြက်လှသော စူးစမ်း ဆင်ခြင်ဉာဏ်ရှိမှု၏ရှေ့တွင် မည်သည့်အရာကိုမှ ဖုံးကွယ်၍မရမှန်း နားလည်လိုက်ကြသည်။

ချင်ကျောင်က

'ခုမှတော့ မထူးတော့ပါဘူးလေ၊ အမှန်အတိုင်း ဖွင့်ပြောပါတော့မယ်၊ အစ်မကြီးမေးလိုက်တဲ့ အတိုင်းပါပဲ၊ ကျွန်တော်တို့သုံးယောက်ကို အဆိပ်ပိုးကောင်နဲ့ မချိမဆန့် အသက်ထွက်အောင်သတ်ပြီး အစ်ခေါ်ယေးတို့ကို လုပ်ကြံခိုင်း လိုက်တာ အမှန်ပါပဲ'

'ဘယ်သူ့ကိုလုပ်ကြံခိုင်းတာလဲ'

စီလျန်က

'ကျွန်မတို့ဆီမှာ ပါလာတဲ့ဆေးတံမျိုးကို အစ်မကြီးတို့ရဲ့ စားရေ ထဲထည့်ပြီး လုပ်ကြံခိုင်းတာပါ'



ထိုအခါ ရွှမ်ချန်က ရယ်မောလိုက်ပြီး

'ဟား...ဟား...အဆိပ်ပန်းကို အဆိပ်ခတ်မယ်လို့ ကြံစည်ကြ တယ်လို့ မှင်စာသာ တစ္ဆေကို သရဲပြန်ခြောက်ပြသလို ဖြစ်နေပြီ ပေါ့၊ ဟား...ဟား'

သူမက ရွှမ်ချန်အား သတိပေးလိုက်သည်။

'ဒီအဆိပ်ဟာ တခြားအဆိပ်နဲ့ မတူဘူးလေ၊ အဆိပ် ပိုးကောင်က အဆိပ်ဖြစ်ရမယ်'

ထိုစကားကြောင့် ရွှမ်ချန်က အအန့်ဂု ကြီး၊ဖြင့်

'အဆိပ်ပိုးကောင် ဟုတ်လား၊ မြေခွေးမရှိတဲ့အဆိပ်ကိုမှ ငပျှားတို့က ခတ်မည်လို့စေပါသော တုတ်လား'

ချင်ကျောင်က

'မဟုတ်ဘူး၊ မခံချင်လို့လဲ အခုလိုဖွင့်ပြောတာပေါ့'

စီးရှင်က

'အခု ရှင်တို့နဲ့အတူပါလာတဲ့ အဲဒီအဆိပ်ကို ကျွန်မကို ပြနိုင်သလား—'

ထိုအခါ ရွှမ်ချန်က စိုးရိမ်တကြီးဖြင့်

'အစ်မလေးကလဲ ဒီလောက်အန္တရာယ်ကြီးတဲ့ အဆိပ်မှိုကို ဘာကြောင့်ကြည့်ချင်ပြန်တာလဲ၊ သောင်ကြွာ ခေဘာ်တာ—'

စီးရှင်က ပြုံးလိုက်ပြီး

'ကျွန်မ အဆိပ်ပြီးတယ်ဆိုတာ ရှင်တို့ မေ့နေကြပြီလား'

ဟုတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးရင်အည် အဆိပ်ပြီးသည့်နေရာ၌ အကြံဖြန့်တစ်ခါ ကပ်ပြည့်နှင့် အဆိပ်ဓား ပြိုင်ခဲ့ရာတွင် သူမအား အနိုင်ရရှိခဲ့မှု ယည်းပျောက်ပါတော့၏။

ထိုကြောင့်

သူမအား မည်သူမျှ မတွေ့ဆီးရဲကြတော့ပေါ့။

စီးရင်က ဆက်၍...

'ကဲ... ချင်ချောင်၊ အဆိပ် ပိုးကောင်ကို ထုတ်ပြလိုက်စမ်းပါဦးလေ'

ဆိုအခါ...

ချင်ချောင်မှ ကျောက်စိမ်းဘူးလေး တစ်ဘူးကို အင်္ကျီအိတ်ထဲမှ ထုတ်ယူပြီး...

'အဆိပ် ပိုးကောင် ရှိနေတာတွေ ဒီထဲမှာပါပဲ အစ်မလေး'

သူမက လှမ်းယူလိုက်သည်။

ရှမ်ချမ်း၊ ဝမ်ပင်း၊ စွမ်းရဲနှင့် ပန်စူးတို့က...

'သတိထားပေါ့ အစ်မလေး'

ဟု ပြိုင်တူ ပြောလိုက်ကြသည်။

သူမက အားလုံးကို ပြုံးပြ၍ ခေါင်းညိတ်လိုက်သည်။

ထို့နောက်...



သူမသည် ကိုယ်ထဲမှ ဖွဲ့ဝါဖြူ တစ်ထည်နှင့် ထုတ်ယူ၍ ကျွယ်ရာအရပ်သို့ လျှောက်သွားသည်။

သူမ စိတ်ကြိုက်နေရာကို ရွေးချယ်ပြီးသောအခါ စီးရင်အား ပြူကို ဖြန့်ခင်းလိုက်သည်။

ပြီးနောက်...

ကျောက်စိမ်းဘူးလေး၏ အဖုံးကို ဖွင့်ပြီး အဆိပ်ဆေးများကို အသာ သွန်ချလိုက်သည်။

ကျောက်စိမ်းဘူးလေး အတွင်းမှ ထွက်ခဲ့သော ပိုးကောင် အဆိပ်ဆေးများသည် အဝါရောင်အမှုန့်များ ဖြစ်သောသည်။

ထိုအမှုန့်များအား စီးရင်က အသေအချာ လာကြည့်သည်။

သူမသည် စိတ်ကျေနပ်အောင်သည့်အထိ ကြည့်ရှုပြီးသည့်နောက်...

ဖဲပါဖြူကို အသေအချာ ခေါက်ပြီး ချည်နှောင် လိုက်လေသည်။

ထို့နောက်...

ဖဲပါဖြူနှင့် ထုပ်ထားသော အဆိပ်များပေါ်တွင် သစ်ခေါင်းခြောက်ဖတ်များကို စုပုံလျက်...

'အစ်ကိုစွမ်းရဲ မီးရှို့လိုက်တော့'

www.burmeseclassic.com

www.burmeseclassic.com



၁

ထူမဏိ ထောက်ဆုံးသွားသောအခါ...

စွမ်းရဲသည် အံသင့်ပါလာသော မီးခြစ်ကို ထုတ်၍ မီးခြစ်လိုက်ပြီး ပိုးထောင် အဆိပ်ထုပ်ကို မီးရှို့ ဖျက်ဆီးလေ၏။

သိပ်မကြာလှသော အချိန်အတွင်းမှာပင် အဆိပ်များထုပ်ထားသည့် ပဝါပြူစဆေးမှုလည်း ပြာအတိ ဖြစ်သွားလေသည်။

ထင်းပြာမှုန်များကို စီးရင်က မြေကြီးနှင့် ရောချေ၍ ဖုံးပြီး မြေမြှုပ်ပစ်လိုက်သည်။

အားလုံး စနစ်တကျ ပြုလုပ်ပြီးသောအခါ စီးရင်က ချင်ကျောင်ဘက်လှည့်၍—

'ကဲ...အခုရှင်တို့ အစနဲ့ လုပ်ရေးတစ်ခုပဲ ရှိတော့တယ်'

ချင်ကျောင်က စိတ်ဝင်စားစွာဖြင့်...

'ဘာများလဲ ခင်ဗျာ'

စီးရင်က

'ရှင်တို့ စောစောက နေရာကို ပြန်သွားပြီး အမျိုးသမီးနဲ့ လူစုစုတော်ကို တွေ့အောင်ရှာပါ၊ ပြီးတော့ ကျွန်မတို့က တွေ့ ဒီမှာ အဆိပ်သင့်နေကြပြီလို့ သတင်းသွားပေးလှည့်၊ အဲဒါဆို ရှုတို့လိုက်ကြည့်မှာပဲ'

'ထူမဏိကော၊ တယောက်လို ဖျက်ဆီးကြရင်ရော'

ထူမဏိ မြူးလိုက်သည်။

'ရှင်ကလဲ့တော အ လိုက်တာ၊ ရှုတို့ ဒီရောက်အောင်တော့ ... တို့ဆီမှာရှိတဲ့ အဆိပ်ဖြေဆေးကို မရရအောင် ယူမှာပေါ့၊ ပြီ



တော့ အဆိပ်မိနေတဲ့ ရှင်တို့ကို အဲဒီ အဆိပ်ဖြေဆေးပေးမှာပေါ့၊ ကဲ...ရှင်းပြီလား'

ထူမဏိ ရှင်းပြသိတ်အသာ မှ...

ချင်ကျောင်က

'အစ်မလေး ပြောသလိုဆိုရင် ထူမဏိမှာ အဆိပ် ဖြေဆေးရှိနေမှာပေါ့'

စီးရင်က

'အဆိပ်ခတ်သူတွေဟာ အဆိပ်ဖြေဆေးဆောင်တတ်တာပဲ မတွေ့ဘူးလား'

ချင်ကျောင်က စီလျှန်နှင့် နောက်ဆုံးမေးခွန်းကို မေးကြည့်လိုက်ပြီး—

'ကဲ...ဘယ်လို သဘောရကြသလဲ'

နှစ်ယောက်စလုံးက ပြိုင်တူပင်...

'အစ်မလေး ပေးတဲ့ အကြံအတိုင်း လုပ်ဆောင်ဖို့ သဘောတူပါတယ်'

ချင်ကျောင်က စီးရင်ဘက်သို့ လှည့်လိုက်ပြီး—

'ဒါဆို ကောင်းပြီလေ၊ ကျွန်တော်တို့ ရှုတို့ကို တွေ့အောင် သွားရှာမယ်၊ ဒါနဲ့ အစ်မလေးတို့နဲ့ ဘယ်မှာဆုံကြမလဲ'

စီးရင်က ရှေ့တည့်တည့်သို့ လက်ညှိုးညွှန်လျက်

'ဟိုရှေ့က တောအုပ်ကြီးထဲမှာ ကျွန်မတို့ ရှိမယ်'

ဟု ပြောပြီး... ချင်ကျောင်တို့ သုံးယောက်သည် နောက်ကြောင်း ပြန်လှည့်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အဆိပ်မင်းသမီး

တောအုပ်ကလေး၏ အကျယ်အဝန်းမှာ ဆယ်ဧကခန့်မျှ ရှိမည်။

စီးရင်တို့သည် တောအုပ်ကလေးထဲသို့ ဝင်ရောက်လာကြပြီးနောက်—

ထိုတောအုပ်အတွင်းရှိ သန့်ရှင်းသော မြေပေါ်တွင် သစ်တောင့်သစ်သီး နားနေရင်းမှ

ချင်ကျွင်တို့အလာကို စောင့်မျှော်လျက် ရှိသည်။

ဖန်ထူးက

'အစ်မလေး ဟိုလူတွေက စိတ်ချရပါ့မလား'

ဖူး၏ အနေအထားကြောင့် သစ်ပင်များကို လှည့်ပတ်ကြည့်နေသော စီးရင်က ဖူးအား လှည့်ကြည့်၍—



'ချင်ကျွင်တို့ လူစုလိုက်လဲ လုံးလုံး စိတ်ချလို့ မရသေးဘူး၊ ဒါကြောင့်လို့ အခြေအနေ မဟန်ရင် တိုက်ခိုက်ဖို့ လွယ်ကူတဲ့ တောင်ခြေနေရာမျိုးကို ရွေးချယ်ထားတာပေါ့'

ဝမ်ပင်းကလည်း တောအုပ် အတွင်းသို့ လှည့်ပတ်ကြည့်ရှုလျက်—

'လက်နက်ပုန်းနဲ့ ပစ်ရမယ်ဆိုရင်တော့ ဟိုဟို သစ်ပင်နေရာက နေရာဟာ အသင့်တော်ဆုံးပဲ'

ထိုအခါ—

စီးရင်က ဝမ်ပင်းအား ပြုံး၍ ကြည့်လိုက်ပြီး—

'ကိုယ်က ဦးအောင် တိုက်ကူးမထား၊ ကောင်းပါတယ်၊ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့်ပြီးမှပေါ့၊ အစ်ကို ဝမ်ပင်းက ဟိုသစ်ပင် နေရာမှာ ကွယ်ပြီး ရန်သူ့ရဲ့ အခြေအနေကို ကြည့်နေပါ၊ အခြေအနေ မတန်မှ ဆော်ပါ နော်'

'ကောင်းပြီ'

ဝမ်ပင်းအား ပြောပြီးသည်နှင့် စီးရင် ညွှန်ပြသော ညောင်ပင်ကြီး နောက်သို့ လျှောက်သွားလေ၏။

အမှန်တော့—

လက်နက်ပုန်း ပစ်ရန် အသင့်တော်ဆုံး နေရာကို ဝမ်ပင်းအား ရွေးချယ်ပေးလိုက်ခြင်း ဖြစ်သည်။

စီးရင်၊ ဖန်ထူး၊ ရှမ်းရဲနှင့် ရွှမ်ချမ်းတို့ကလည်း အသီးသီး လူစုခွဲပြီး သင့်တော်သလို အနေအထားဖြင့် ထိုင်နေလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ထားသည့် အတိုင်းဖြင့်....

ထိုတို့မျက်နှာ၊ သူတို့တန်ခိန်နှင့် သူတို့၏ ပုံသဏ္ဍာန်များမှာ အဆိပ်မိထားသည့် ဓမ္မဒေနာများ၏ သဏ္ဍာန်နှင့် လုံးဝခွဲခြား မရအောင်တူနေလျက်ရှိသည်။

၀ ၀
၀ ၀ ၀

ချင်ကျောင်တို့ ထွက်သွားပြီး တစ်နာရီခန့် အကြာ၊ တောအုပ် အတွင်းသို့ ချင်ကျောင်တို့ သုံးယောက် ဝင်ရောက် ပျောက်ကွယ် သည်။

သူတို့နေရာတွင်....

အနက်ရောင် သိုင်းဝတ်စုံနှင့် လူသန်ကြီး နှစ်ယောက်က ထက်ကြပ်မကွာ လိုက်ပါ ဝင်ရောက် လာကြ၏။

သူတို့၏ နောက်နား၊ မလှမ်းမကမ်းတွင်မူ—

အနီရောင်ဝတ်စုံနှင့် အဘွားအို နှစ်ယောက် လိုက်ပါလာ သည်။

ထိုအဘွားအို နှစ်ယောက်၏ ပါးပြင်ပေါ်တွင် ဆေးရောင် စုံများ ခြယ်သထားသည်ကို ကြည့်ရခြင်း အားဖြင့် သူတို့သည် မြေပြန့်မှ လူများ မဟုတ်မှန်း သိသာလှ၏။



ထိုအဘွားအို နှစ်ဦး၏ နောက်တွင်မူ....

ကိုယ်အစောင့်ဝိုင်းတွင် အဝတ်မပါဘဲ ခေါင်းတိုတိုများ ရိတ်၍ ခြေထောက်တွင် မြက်ခြေဖိနပ်များ စီးထားသည့် လူနှစ်ယောက် လိုက်ပါလာသည်။

မျက်နှာနှင့် ကျောဘက်တွင် ဆေးမင်ကြောင်များ ထိုး ထားသည့် ထိုလူ နှစ်ယောက်၏ ဝမ်းထဲ၌မူ ကုလားထိုင် အပေါ်၌ တစ်လုံးလှ နေရာယူ လိုက်ပါလာ၏။

ဖောင်းကုလားထိုင်ပေါ်တွင်....

နန်းတွင်းမှ တစ်ဦးမက ဝတ်စား ဆင်ယင်ထားသည့် အမျိုးသမီးတစ်ဦး စီးနင်း လိုက်ပါလာသည်။

အလှန်ပူအိုက်သည့် ရာသီဖြစ်သော်လည်း အချိန်အခါမျိုး၌ ယင်းအမျိုးသမီးသည် ထူထဲသော အဝတ်ကို ဖော်စားဆင် ယင်ထားသေးသည်။ သူမ၏ ပုံသဏ္ဍာန်မှာတော့....

အပူဒဏ်ကို မှုတာန်မတူပေ။

သူမ၏ မျက်နှာကို မြင်ခွင့်မရှိပါ။

သူမ၏ အသက်အရွယ်ကိုလည်း အကဲခတ်၍ရနိုင်မည်မဟုတ် ပါ။

အကြောင်းမှာ....

ထိုအမျိုးသမီးသည် သူမ၏ မျက်နှာကို အစိမ်းရောင် ဇာ ပဝါ တစ်ထည်ဖြင့် ဖုံးအုပ်ထားသောကြောင့် ဖြစ်သော သည်။

www.burmeseclassic.com

www.burmeseclassic.com



...သည် အဓိပ္ပာယ်ကြောင့် ဆိုခေါ် မျက်နှာကို ထိုးခေဝေါ ပြင့် ပုံ အုပ်ဆောင်ရှေ့ခါသနည်း။

...ဥက္ကာတို့သုံးဆောင်တော်သည် စီးချင်တို့ အနီးသို့ ရောက်ရှိ ...ခသော အခါ ဆူတို့၏ ခြေလှမ်းများကို ရပ်တန့်လိုက်ကြလေ သည်။

ဆူဆိုနည်းတူပင်
အနက်ရောင် သိုင်းဝတ်စုံနှင့် လူနှစ်ယောက်တို့သည်လည်း ရပ် တန့်ပြီး စီးရင်တို့လူစုအား ရှုးရဲစွာ ကြည့်ရှုနေကြလေသည်။
စီးရင်သည် မျက်နှာကိုင်ကာ လျက် စိတ်ပျက်နေဟန်...
လူဆိုးကြီးနှေးလေးယောက်မှာလည်း မျက်နှာများကို ချုံ့မဲ့ လျက် မသက်မသာဟန်။
ထိုတိုဟန်ပန်များသည် အလွန်အလွန် ပီရိလှပေ၏။
အဓိပ်မိတားသည့်အသွင်ရှိနေမယာ လူတို့ငါးယောက်ကို ကြည့်ကာ...

နန်းတွင်းဆူ အဝတ်အစား ဝတ်ဆင်ထားသော အမျိုး သမီးက...

'အင်း—သနားစရာ ကံဆိုးရှာတဲ့ လူတွေမှန်နေဘ်၊ ပိုးကောင် အဓိပ်ဒတ် မိထားတယ်ဆိုရင် မြေပြန့်က ဘယ်ဆေးဆရာကျွဲ ကြွ လှပါတယ်ဆိုတဲ့ သမားတော်ကြီးဖြစ်ဖြစ် ကုသဖို့ မလွယ် တော့ဘူး'



ဆေးမင်ကြောင်နှင့် လူနှစ်ယောက်သည် ခေါ်းပေါ်မှ ထမ်းခင်အောက်သို့ ဖြည်းညင်းစွာချလိုက်ပြီး မြစ်သည်။
စွမ်းရဲအ မျက်နှာရှုံ့မဲ့လျက်—
'နေဦးပေါ့ဦး၊ ခင်ဗျားနဲ့ ကျွန်တော်တို့ ဘယ်သို့ရန်ငြိုး ရန်စတွေများရှိခဲ့လို့ ဒီလိုလုပ်ရတာလဲဗျ'
နန်းတွင်းဆူက—

'လွယ်လွယ်လေးပါရှင်၊ ကျွန်မတို့ အမြဲအမ်းနားခံဖို့ အကောင်တဲ့ဆိုတဲ့ အဖြေနဲ့ပဲ လိုနေယောက်ခံနေပြီ မဟုတ်ဘူးလား'
စီးရင်မှာမူ ခေါင်းငုံ့လျက်ပင်...
ဆူမသည် နန်းတွင်းဆူအား လှမ်းကြည့်ကာ တိုးညင်း လိုက်ခဲ့ ကြလော လေသံမျိုးဖြင့်...
'ဒီအကြောင်းမှာ ထမ်းခုအညီနဲ့ အနူလိုအဆင်ခတ် တယ်ဆိုရင်တော့ မယုံနိုင်စရာပဲ'
နန်းတွင်းဆူအား သူမအား လှမ်းကြည့်၍—
'စီးရင်ဆိုတာ ညည်းလား'
'ဟုတ်ပါတယ်'

'အင်း...ကျွန်မ ကြားဖူးထားတာအရ စီးရင်ဆိုတဲ့ မိန်းကလေးက သိပ်လှတယ်ဆိုပဲ၊ တွေ့ခွင့်ကြုံခွင့် တာ'

'ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



စီးရင်သည် သူမ၏မျက်နှာပေါ်သို့ ဝဲကျနေသော ဆံပင်များကို လက်နှင့်သပ်တင်ရင်းမှ မျက်နှာလေးကို မော့ပြလိုက်သည်။

အမျိုးသမီးက စေ့စေ့ငုံငုံကြည့်နေသော မျက်နှာအတွင်းမှ စူးရဲသောမျက်လုံးအစုံဖြင့် စီးရင်၏မျက်နှာကို သေချာစွာ ကြည့်ရှုလိုက်သည်။

'အင်း...ကြားဖူးထားတဲ့ အတိုင်းပါပဲ။ ရှင်ဟာ ထူးဆန်းကိုချော့တဲ့ မိန်းမလေးတစ်ဦးပါပဲ'

စီးရင်က

'ချော့မော့လှတာ ခဏထားပါဦး။ ကျွန်မသိချင်တာကလေး တစ်ခု မေးချင်လို့ ခွင့်ပြုမလား'

'မေးမေးနဲ့ ကလေး'

နန်းတွင်းသူပုံစံနှင့်အမျိုးသမီး၏ စကားက ပြတ်သားလှသည်။

စီးရင်က အံ့အားသင့်စွာ မော့ကြည့်နေစဉ်မှာပင်...

ထိုအမျိုးသမီးက—

'မှတ်ထားပါ မေးမေးနဲ့တော့။ အခု ကျွန်မက တာဝန်အလေးကြီး၊ ရှင်မေးတာ ဖြေနေဖို့လဲ အချိန်မရတော့ဘူး၊ ကျွန်မတော်တော်စာရှင်ကို မရရအောင် ခေါ်သွားဖို့ပဲ။ ဒီတော့ ကောင်းကောင်းမွန်မွန်သာ လိုက်ခဲ့ပါ ကြားပြီလား'

စီးရင်က မချေမငံဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအခါ...



အမျိုးသမီးက လှောင်ပြုံးပြုံးလိုက်ပြီး...

'သိပ်လှဲ မချေမငံ ဖြစ်မနေပါနဲ့၊ ကျွန်မအနေနဲ့ လှုပ်မှ မတတ်နိုင်တော့ပါဘူး၊ ရှင်တို့ဆန္ဒကို မလိုက်လျောလို့ သေရမှာပဲ တွေ့ထားတာ၊ ဒါကြောင့် မငြင်းခင်ပေး၊ ကျွန်မ တစ်ခု တောင်းပန်ပါရစေ'

'ဘာလဲဆိုတာ ပြောပါ'

'တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မထို မိန်းမအေးဆေး အောင် အဆိပ်မိနေတဲ့အထိ ထိန်းဆောင်နိုင်တဲ့ အစ်မရဲ့ မျက်နှာလေးကို ကြည့်သွားချင်လို့ပါ၊ မျက်နှာဖုံးလေး ဖွင့်ပြပါ ရှင်'

'အဟင်း...ကျွန်မက အရုပ်ဆိုးတယ်၊ ရှင့်လို မိန်းမချော မျက်နှာဖွင့်မပြရဲပါဘူး'

'မဟုတ်ပါဘူး။ ကျွန်မက အစ်မမျက်နှာလေးကို ကြည့်သွားချင်လို့ပါ'

'ကဲ...ကဲ...ဒါဖြင့်လေ'

နန်းတွင်းသူသည် ပြောပြောဆိုဆိုဖြင့် သူမ၏ မျက်နှာပေါ်မှ စကားဝါအား တဖြည်းဖြည်းချင်း ဖယ်ရှားလိုက်လေသည်။

www.burmeseclassic.com



ယခု ...

နန်းတွင်းသူ၏ မျက်နှာပေါ်တွင် ဇာမပါ၊ မရှိတော့ပါ။

ရှိနေကြောင်း

ထူးခြ မျက်နှာအား ထင်ထင်ရှားရှား မြင်တွေ့လိုက်ရ၍ ...

ပြီ။

လှုလိုက်သည့် မိန်းမအား

လှုဆိုးကြီးမေး ယောက်ျားနှင့်တကွ စီးရင်ကိုယ်တိုင်ဝင် ...

အလှပိုင်ရှင် မိန်းမအသွေးသား ... ပေါ်မ ... သွားမိသောသည်။

သူမ၏အသက်သည် တစ်ဆယ်တစ်မှ ရှိ (၂၁) နှစ်ထက် မပို ...

ပေ။

လှပသော သူမ၏မျက်နှာပေါ်တွင် အလှပဆုံးကို ဖော်ပြ ...

ရမည်ဆိုလျှင် ...

သူမ၏ မျက်လုံးအစုံအား မျှသပင် ဖြစ်လေသည်။

ရှန်းလွဲ ဘောက်ပြန်နေသော သူမ၏ မျက်လုံးတောက်လောက်များ ...

သည် လှပခြင်း၊ ရှုမြင်ရ ခက်ခြင်းနှင့် ရန်လိုမိုင်းစိုင်းခြင်းများ ...

အားပြိုင် ဖော်ပြလျက်ရှိသည်။

ခဏချင်း ...

ထိုမိန်းကလေးသည် အရှိန်းရှေ့ချွေချွေ ...ဝင် ဖြ ...

ဆည်။

စီးရင်က

'ရှင် ... မြေပြန့်သူတော့ မဟုတ်ဘူး ထင်ပါရဲ့နော်'

မိန်း ... ချ ... ကလေးက



'မဟုတ်ဘူး ကျွန်မက မျိုးနွယ်ပါ'

'မျိုးနွယ်က ဟုတ်လား၊ အင်း ... အစ်ကြည့်ရတာ ယခုမှ ...

မိန်းကလေးတစ်ယောက်တော့ ဟုတ်ပုံမထင်ဘူး'

'ဟုတ်တယ်၊ ကျွန်မတော့ နယ်မြေတစ်ခုက ... သွားထို ...

အစ်ဦး၏ သမီးဆိုပါတော့ရှင်'

ထိုအမျိုးသမီးငယ် ပြောနေသောစကားသည် 'ဟန်' ဘာ ...

သာ ... အားဖြစ်သည်။

သို့ကြောင့်

သူမသည် သိထိုက်စရာ ဖြင့်ပင်မေးလိုက်သည်။

'ရှင့်ရဲ့အမေ ဒါမှမဟုတ် အစ်မတစ်ယောက်ယောက်က ...

ဟန် လူမျိုးဖြစ်ရမယ် ဟုတ်တယ်မဟုတ်လား'

'အင်း ... ကျွန်မအမေက 'ဟန်' လူမျိုးပါ'

'ဒါနဲ့ ရှင် ကျွန်မတို့ကို အဆိပ်ခတ်တဲ့ ရည်ရွယ်ချက်က ...'

'ကြော် ... မပြောပြီးပါပြီပါသော ရှင်တို့ ကျွန်မခေါ်လို့ အား ...

ဆေးဆေးလာပေးခဲ့ပါဆိုလေ'

'ဘယ်ကိုလိုက်ရမှာလဲဟင်'

စော်ဘွားငယ်၏ သမီးက

'အရပ်ဝေးမျက်နှာ ... တဲ့ သိုင်းပညာရှင်တွေ ... ...

ရှိနေတဲ့ ပျော်စရာနေရာအား တစ်ခုကိုဆိုပါတော့'

စီးရင်က

'ဒါနဲ့ အစ်မလေးရဲ့နာမည်လေး ပြောပြနိုင်မလား'

'ဘာလို့ပြောရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သိချင်လို့ပါ၊ ဒီဈေးကွက်အစွမ်းထက်တဲ့ အဆိပ်ဈေးကွက်နယ်ကို ကိုင်ဆောင်နိုင်တဲ့ ဒီမှော်ဆရာလို့တဲ့ မိန်းကလေးရဲ့နာမည်ကို ကျွန်မ ဆိုးမ သိချင်လို့မှာပဲ'

ကျွန်မ သဘောကျစွာ ရယ်မောပြီး

'တယ်ထူးဆန်းပါလား၊ ဒါဆိုလဲ ပြောပြရတာပေါ့'

'ကျွန်မနာမည်က ဟန်ဆာသနဲ့ ကျင်စုတွားတဲ့'

'ကျင်စုတွား ဆုတ်ဆာ၊ သိပ်ဆောင်းတဲ့ နာမည်လေး ပါလား'

ထူမှ လှစွာပြုံး၍ ခေါင်းညိတ်ပြီး

'ကဲ...ကျွန်မနာမည်ကို သိလိုက်ပြီပေါ့၊ သွားပြီနော်'

စီးရင်က ဖြည်းညင်းစွာ မတ်တတ်ရပ်လျက်

'တစ်ခုလောက် ထပ်မေးပါရစေဦး၊ ပိုးဆောင်အဆိပ်ရောက်တဲ့အခါ ဘယ်လိုခံစားရသလဲ၊ အဲဒါ ကျွန်မသိချင်တယ်'

'အာ့ထဲ အသည်းထဲက နာကျင်ကိုက်ခဲတဲ့ဝေဒနာကို မချိမဆန့်ခံစားရမယ်၊ ဘာလို့ စမ်းကြည့်ချင်လို့လား'

စီးရင်က မယုံကြည်သောပုံစံဖြင့်

'စမ်းတော့ မစမ်းရဲပါဘူး၊ ရှင်းဒါနဲ့အစ်မသူ၊ ပိုးဆောင်အဆိပ်မိတဲ့အခါမှာ ဘာနဲ့ကုမှ သက်သာမှာလဲဟင်'

စီးရင် စူးစမ်းတတ်ခြင်းဖြစ်သည်၊

ထိုအခါ

ကျင်စုတွားက အမှတ်တမဲ့အဖြေပေးလိုက်သည်၊

'ဘာနဲ့မှကုလို့ မရဘူး၊ အဆိပ်ဖြေဆေးသောက်မှပဲရမယ်'



'အစ်မဆီမှာ အဆိပ်ဖြေဆေး ပါမှာပေါ့နော်'

'အို...အဆိပ်မင်းသမီးဆိုတာ အဆိပ်ဖြေဆေးလဲ ဆောင်ရထားမှပေါ့ရှင်၊ ဒါလောက်လေးတောင် မှန်မသိတော့ဘူးလား'

ထိုအခါ စီးရင်က အလွန်အရေး စပ်စုလိုသောတန်ဖြင့်

'ဒါဆို အစ်မဆီမှာ အဆိပ်ဖြေဆေး ဘယ်လောက်ပါတယ်ဆိုရင် ဒီအဆိပ်တစ်ကောင်လွှာတဲ့အခါ ခံစားရတဲ့အရသာကို ကျွန်မ သိချင်တယ်၊ သိပ် ခံမရပ်နိုင်ဖြစ်လာရင်တော့ အစ်မဆီက အဆိပ်ဖြေဆေးနဲ့ကုစားပါနော်'

ကျင်စုတွားက

'အနားခံပြီး အဆိပ်ရဲ့အစွမ်းသတ္တိကို စမ်းချင်တယ်ပေါ့ လေ'

'ဟုတ်ကဲ့၊ ဒီအဆိပ်ဟာ ဘယ်လောက်ထိထန်ခိုးအာနိသင်ရှိတာ သိချင်လို့ပါ'

စီးရင်၏ စကားဆုံးသွားသောအခါ

ကျင်စုတွား၏မျက်နှာသည် အလွန်တရာ တည်ကြည်သော အသွင်သို့ ပြောင်းသွားပြီး

'ကဲ...စီးရင်ခရဲ့ သတိထားစေဘော'

ကျင်စုတွားက ထင်းသို့ပြောပြီး လွန်ခဲ့သောကာလက်ကို ကိုက်တရုတ် မြွေကိုရမ်းသို့ထိုးသည်။

စီးရင်မှာ တုတ်တုတ်မျှမလှုပ်ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



'ခပ်ပြုံးပြုံးအမူအရာဖြင့်သာ'

'ဟင်…တွယ်ဖို့မှလဲ မနေပါသားရှင်'

ကျော်စိုးဟုတ်မှာ မည်သည့်စကားမှ ပြန်မပြောပါ။

ဆက်နွယ်ဘာတစ်လုံးကို မြေဖော်လိုက်ပြီး ပေါက်ချပ်ကို ဆော့
တိုက်တီးလိုက်သည်။

ထိုအခါ

စီးရင်၏ မျက်နှာတစ်ခုလုံးမှာ ရှက်တရက်ရှုံ့မဲ့သွားပြီး
စမ်းပိုက်ကို နှိပ်ရင်း တွှဲကျသွားလေသည်။

မှုဏာတ နှင်းဆီသွေးရောင် ပါးပြင်လေးမှာလည်း ဖြူဖပ်
ဖြူရော်ဖြစ်သွားသည်။

'ချွေးသီးချွေးပေါက်များမှာလည်း သူမ၏မျက်နှာပေါ်သို့
စီးကျလာသည်။

စီးရင်သည် ထိုသို့ မချိမဆန့်ဖြစ်သွားလေသောအခါ

ကျော်စိုးဟုတ်သည် တော့နပဲအားရစွာဖြင့် ချင်ကျင်ဘာဆိုဒ်
လှည့်ကာ…

'ဟူ တဆယ်အဆီပ်ဖတ်ခနရရှိတာဖြဲ၊ အင်း…ရှင်
တော်တယ်'

ရှင်ကျော်ကာ

'ကျွန်တော်တို့အနေနဲ့ ယခင်မလေးတို့ပေးအပ်တဲ့ အမိန့်
မလွန်ဆန်ရဲမဘူးခင်ဗျ'



ကျော်စိုးဟုတ်တာ အလွန်ကျေနပ် ဝမ်းမြောက်သောအမူအရာ
ဖြင့် စီးရင်အနီးသို့ လျှောက်လာပြီး၊ စီးရင်အားကြည့်လျက်…

'ကဲ…ဘယ်နှယ်ရှိစ'

စီးရင်ကား မယိမသာ ရှုံ့မဲ့ထားရင်းမှ

'ကျွန်မ သိပ်…သိပ်ကိုနာတယ် အား'

ချွေးသီးချွေးပေါက်များစီးကျလျက် ရှိနေရာမှ နာကျင်မှု
ဝေဒနာကို အလူးအလှိမ့်ခံစားနေရသဖြင့် မသက်သာသောတက်ဖြင့်
အော်ဟစ်ညီးတီသည်။

သူမ၏ အော်သံကြောင့် စမ်းပင်းမှာ ရှုတ်ချည်း ထပ်မိ
သည်။

ထိုအခါ

စီးရင်ကား ဝမ်းပင်းအား မယိမသာဖြင့် ခေါင်းခါ ယမ်းပြ
သည်။

ထိုစဉ်—

ကျော်စိုးဟုတ်ကား သူမ၏ လက်ကို ယစ်ချည် ရမ်းဆွဲလိုက်ပြီး
ထို နာလို

'ကဲ…အခု ဘယ်နှယ် နေသေးလဲ'

စီးရင်ကား

'တင်အင်း…မထူးခြားဘူး၊ တစ်ကိုယ်လုံး တိုင်ရှိတက်နေ
သလို နာနေတုန်းပဲ၊ ပိုသက်ထဲမှာ ပိုဆိုးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ

ကျောင်းဆရာမသည် သူမ၏ အကျီအိတ်အတွင်းသို့ လျင်မြန်စွာ လက်နှိုက်လိုက်၏။

သူမ၏ လက်ထဲတွင် ချောကလက်စိမ်းဘူးလေး တစ်ခု ပါရှိလာပြီး–

ဘူးအတွင်းမှ ဆေးလုံး တစ်လုံးကို ထုတ်၍ ယူလိုက်လေသည်။

ထိုနောက်–

စီးရင်အား လှမ်းပေးလိုက်သည်။

'ဒါဟာ ဖြေဆေးပဲ၊ ဒါကို သောက်လိုက်ရင် ရှင်အခု ခံစားနေရတာတွေ ချက်ချင်း သက်သာသွားလိမ့်မယ်'

စီးရင်က ဝမ်းသာသွားဟန်ဖြင့် ဆေးလုံးကို လှမ်းယူလိုက်ရင်း–

'ဒါ–ဖြေဆေးအစစ်နော်၊ ဒါသောက်ပြီးရင် အဆိပ်မိနေတာ အမြန်ဆုံး သက်သာသွားရောလား၊ ဒါမှမဟုတ် ခက်သွားရုံပဲလား'

ကျောင်းဆရာမက မျက်မှောင်ကုတ်သွားပြီး–

